# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၂၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## တပ်မတော်ကို နိုင်ငံတော်၏ ပြည်တွင်းပြည်ပရန်မှ ကာကွယ်ရန်ဖွဲ့စည်းထားရှိခြင်းဖြစ်သည့်အတွက် စွမ်းရည်ရှိသည့်တပ်၊ စွမ်းအားရှိသည့်တပ်များဖြစ်အောင် တည်ဆောက်ပြီး နိုင်ငံ့အကျိုး၊ တပ်မတော်အကျိုးနှင့် ဒေသအကျိုးအတွက် ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ယနေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် တပ်မတော်ကို နိုင်ငံတော်၏ ပြည်တွင်းပြည်ပရန်ကို ကာကွယ်ရန် ဖွဲ့စည်းထားရှိခြင်းဖြစ်ကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁ ❊*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသ လျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ရင်းနှီး နွေးထွေးစွာ အားပေးစကားပြောကြားစဉ်။

**ယနေ့ ဖတ်စရာ**


ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေး — ဆောင်းပါး — စာ ၈

နိုင်ငံသားတိုင်း ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ၏ တန်ဖိုးကိုသိရှိပြီး ထိန်းသိမ်းကာကွယ်သွားကြပါစို့ — ဆောင်းပါး — စာ ၁၂

ဗီယက်နမ်နိုင်ငံက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နိုင်ငံပိုင်ပစ္စည်းများ စာရင်းကောက်ယူမည် — နိုင်ငံတကာသတင်း — စာ ၁၄

ရေကြောင်းသတိပေးချက်အား ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း — စာ ၂၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❊ *ရှေ့ဖုံးမှ*

ထို့ကြောင့် နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန် လိုကြောင်း၊ အလားတူ ပြည်သူများမှ အပြည့်အဝ ယုံကြည်ကိုးစားသည့် တပ်မတော်ဖြစ်ရန်လိုကြောင်း၊ ဒေသအလိုက် တာဝန် ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် လုပ်ဆောင်ပြီး ဒေသလုံခြုံ တည်ငြိမ်အေးချမ်းရေးကို ထိရောက်စွာဖြင့် ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ရန်လိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အခြေအနေအရ ၂၀၂၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းကာလအတွင်း ဆန္ဒပြမှုများမှ တစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုများအထိ ဖြစ်ပေါ်ခဲ့သဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်းထိုက်သင့်သလောက် တည်ငြိမ်အေးချမ်းနေပြီဖြစ်ပြီး တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းစေရေး တပ်မတော်အနေဖြင့် ဆက်လက်

*စာမျက်နှာ ၄ သို့*

❑ လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် တည်ငြိမ်မှုပျက်ပြားနေမည်ဆိုပါက စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်အကြမ်းဖက်မှုများ ချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေး မဖြစ်မနေဆောင်ရွက်သွားကြရမည်




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ရှိ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ပုသိမ်မြို့သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်း ဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

- **ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးသည် အမှန်တကယ် ကောင်းမွန်သည့် အမျိုးအစားဖြစ်သဖြင့် ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန်လို**
- **ဆီဖူလုံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့နေရာများ၌ နေကြာစိုက်ပျိုးဖြစ်ထွန်းသည့်အတွက် နေကြာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်သွားရန်နှင့် ပဲပုပ်၊ နေကြာ၊ မြေပဲ၊ နှမ်း စသည့်ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ရေးဆောင်ရွက်**

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဒေသဝမ်းစာ ဖူလုံမှုအခြေအနေများ၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ သစ်စိမ်းမြေဩဇာများ ထည့်သွင်း ဆောင်ရွက်လျက်ရှိမှု၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သောကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်သားတစ်ဦးချင်းအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို မပျက်မကွက်လုပ်ဆောင်နေရန်လိုကြောင်း၊ အလားတူ နေ့စဉ်ဆောင်ရွက်ရမည့် ဦး၊ ရေး၊ ထောက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို မပျက်မကွက် ဆောင်ရွက်နေရန်လိုကြောင်း၊ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည်လည်း မိမိတို့တပ်ကို အရည်အသွေးရှိသည့် တပ်ဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့၏ လူနေမှုဘဝကို ထိခိုက်စေမည့် အသောက်အစား အပျော်အပါးများကို တတ်နိုင်သမျှ ရှောင်ရှားရန်လိုကြောင်း၊ မိမိကိုယ်ကို တပ်မတော်သားကောင်း တစ်ဦး ဆိုသည့်စိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ တပ်မတော်သားများ ဖြစ်သည်နှင့်အညီ ဝတ်စားဆင်ယင်မှုများ၊ သွားလာနေထိုင်မှုများမှအစ စည်းကမ်းနှင့်အညီ နေထိုင်ကြရန် လိုကြောင်း။

တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့်လည်း တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တတ်နိုင်သမျှ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေး အုပ်ချုပ်ရသူများအနေဖြင့် အဆင့်ဆင့် စနစ်တကျ စီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း တပ်မတော်ကို ကောင်းအောင် တစ်ဦးချင်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ခြင်းကြောင့် ခေတ်အဆက်ဆက်တွင် သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲခဲ့ကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အခြေခံအားဖြင့်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး တပ်မတော်သားများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒေသအလိုက် ပြည်သူများအား ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် ထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ပြီး နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် အထောက်အကူပြုစေမည် ဖြစ်ကြောင်း။

လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် တည်ငြိမ်မှုပျက်ပြားနေမည်ဆိုပါက စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်အကြမ်းဖက်မှုများ ချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေး မဖြစ်မနေဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်၊ စွမ်းအားရှိသည့် တပ်များဖြစ်အောင် တည်ဆောက်ပြီး နိုင်ငံ့အကျိုး၊ တပ်မတော်အကျိုးနှင့် ဒေသအကျိုးအတွက် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံ လိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးသည်လည်း ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်) တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသားတင်၊ သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်မှု အခြေအနေများ၊ စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ဆီဖူလုံမှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း ပြည်ပသို့ တင်ပို့ဆောင်ရွက်လျက်ရှိမှု၊ ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်မှု၊ နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေများဖြင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ တိုးတက်စေရေး စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ပညာရည်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အားကစား ကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ပေးနိုင်မှု၊ ခရီးသွားများ ဝင်ရောက်လျက်ရှိမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ပုသိမ်-ရန်ကုန် လမ်းပိုင်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ ပုသိမ်-ငွေဆောင်သွား ကားလမ်းပေါ်ရှိ သလပ်ခွာတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေး စေလိုမှု၊ အဆင့်မီဘက်စုံသုံး အားကစားကွင်း တည်ဆောက်ပေးစေလိုမှု၊ နိုင်ငံတော်၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမှု၊ ပီလောပီနံများ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုမှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME ကုန်ထုတ်လုပ်ငန်းများအား နိုင်ငံတကာနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လမ်းပန်းဆက်သွယ်မှုများ မြန်ဆန်ချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးလျာထား ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေများရရှိရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးမြေများ တိုးချဲ့ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့်အခြားကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

- မြေယာနှင့်ပတ်သက်၍ မြေလွတ်မြေရိုင်းများအား အမှန်တကယ်စိုက်ပျိုးသွားမည်ဆိုပါက ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ပြီး စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် သုံးစွဲခြင်းများ မရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်လို
- မြေကိုအကျိုးရှိစွာဖြင့် အသုံးချရန်လိုပြီး ပုသိမ်မြို့အပါအဝင် ပြည်နယ်နှင့်တိုင်း မြို့ကြီးများ၌ အဆင့်မီအဆောက်အအုံများ ဆောက်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်

**အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းများ ကောင်းမွန်အောင်ဆောင်ရွက်ရန် လိုသကဲ့သို့ အရည်အသွေး ကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဥပမာအားဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့် စပါးများ၏ Eating Quality များ ကောင်းမွန်ရန်လိုပြီး အရေအတွက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ကိန်းဂဏန်းအချက်အလက်များ စနစ်တကျ ကောက်ယူ**

အဓိကအားဖြင့် လုပ်သမျှ အကျိုးခံစားနိုင်ရန် အထွက်နှုန်းများ ကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်အနေဖြင့် မိုးစပါးတင်း ၁၀၀၊ နွေစပါးတင်း ၁၁၀ ထားရှိကြောင်း၊

*စာမျက်နှာ ၆ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်လေဆိပ်အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

*စာမျက်နှာ ၅ မှ*

စိုက်ပျိုးဧကများ မှန်ကန်ရန်နှင့် အထွက်နှုန်းများ တိုးတက်မှုရှိရန် လိုကြောင်း၊ ဒေသအားလုံးသို့ သွားရောက်နိုင်ခြင်း မရှိသော်လည်း အချို့ဒေသများတွင် ကွင်းဆင်းကောက်ယူနိုင်ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိစေရေး တာဝန်ရှိသူများက စနစ်တကျ ကောက်ယူသွားရန် လိုကြောင်း။

စိုက်ပျိုးရေးနှင့် ပတ်သက်၍ မြေကို စနစ်တကျအသုံးချရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ လယ်စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရေနက်ကွင်းများဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ရေနက်ကွင်းများအား မြေပြုပြင်သည့် လယ်စပါးစိုက်ပျိုးခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနက်ကွင်းများကို စနစ်တကျအသုံးချ ဆောင်ရွက်မည်ဆိုပါက သား၊ ငါးထုတ်လုပ်မှုကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ထိပ်ဆုံးတွင်ရှိနေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးဖြင့် စနစ်တကျ စိုက်ပျိုးကြရန်လိုကြောင်း၊ လယ်မြေများအား ဧကွက်များအဖြစ် ဖော်ထုတ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှု လုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ စပါးစိုက်ပျိုးမှုများကို ပင်ကြား၊ တန်းကြား မှန်မှန်ကန်ကန်နှင့် ကောက်ကွက်ပြည့်မီအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း ရှိ လယ်မြေများအား မြေပြုပြင်၍ စိုက်ပျိုးသွားကြရန် လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊

မွေးမြူရေးနှင့် ပတ်သက်၍ မြို့တွင်ရှိပြီးဖြစ်သည့် ဒေသတွင်း စားရေး အထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားကောင်းမွန်လာမည်ဆိုပါက ထိုက်သင့်သည့် ဈေးနှုန်းဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဆိုပါက ပြည်ပပို့ကုန်များ တိုးတက်လာပြီး နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိလာမည် ဖြစ်ကြောင်း၊ အဆိုပါ နိုင်ငံခြားငွေများ ရရှိလာမည်ဆိုပါက နိုင်ငံ့စီးပွားရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို အမှန်တကယ်လုပ်ရန်လိုကြောင်း၊ အထွက်နှုန်းများ ရာနှုန်းပြည့်ထုတ်လုပ်ပြီး ပို့ကုန်ပစ္စည်းများ ထုတ်လုပ်၍ နိုင်ငံခြားငွေများ ရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးသည် အမှန်တကယ် ကောင်းမွန်သည့် အမျိုးအစားဖြစ်သဖြင့် ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများသုံးစွဲရလျက်ရှိကြောင်း၊ ဆီဖူလုံရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့နေရာများ၌ နေကြာစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ထို့ကြောင့် နေကြာစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပဲပုပ်၊ နေကြာ၊ မြေပဲ၊ နှမ်း စသည့် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အစားအစာများ ထွက်ရှိကြောင်း၊ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို ပိုမိုတိုးချဲ့မွေးမြူဆောင်ရွက်သွားမည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများ နည်းပါးနေသေးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ၏ ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

ပညာကဏ္ဍနှင့် ပတ်သက်၍ သင်ကြားခြင်းနှင့် သင်ယူမှုများ တိုးတက်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများ အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ အဆင့်မီရေကူးကန်များကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပချိန်တွင်လည်း ပွဲကြည့်ပရိသတ်များရှိ ရန်လိုကြောင်း၊ အားကစားနှင့်ပတ်သက်၍နည်းပြများ ပြည့်စုံစွာရှိရန်လိုကြောင်း၊ အားကစားတိုးတက်ရေးအတွက် ကြံ့ခိုင်ရေးနည်းပြနှင့် နည်းစနစ်နည်းပြများထားရှိရန်လိုကြောင်း၊ အားကစားကဏ္ဍ တိုးတက်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗိုလ်မြတ်ထွန်းတံတားမှ ပုသိမ်မြို့အထိ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ သလပ်ခွာ တံတား အဆင့်မြှင့်တင်ပေးစေလိုမှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြေယာနှင့် ပတ်သက်၍ မြေလွတ်မြေရိုင်းများအား အမှန်တကယ်စိုက်ပျိုးသွားမည်ဆိုပါက ခွင့်ပြုဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် သုံးစွဲခြင်းများ မရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေကိုအကျိုးရှိစွာဖြင့် အသုံးချရန်လိုပြီး ပုသိမ်မြို့ အပါအဝင် ပြည်နယ်နှင့်တိုင်းမြို့ကြီးများ၌ အဆင့်မီအဆောက်အအုံများ ဆောက်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပြများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက စနစ်တကျဖြင့် ဆောင်ရွက်ကြရန် လိုကြောင်း၊ ရှိပြီးဖြစ်သည့် သစ်ပင်သစ်တောများ ရှင်သန်ဖြစ်ထွန်းစေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဝါးများ ပေါများစွာထွက်ရှိကြောင်း၊ ဝါးများကို အသုံးပြု၍ ပျော့ဖတ်များနှင့် စက္ကူများ ထုတ်လုပ်နိုင်သကဲ့သို့ လူသုံးကုန်ပစ္စည်းများလည်း ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါးအခြေခံသည့် ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲ မကျင်းပနိုင်သည့် မြို့နယ်များကို ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပချိန်တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဲမသမာမှု ပြုလုပ်၍ မရနိုင်သည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန် အရေးသုံးပါးကို အလေးထား စောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်ရှိသူများ ဖြစ်ရန်လိုပြီး အမှန်တကယ်တိုင်းပြည်နှင့် ဒေသအကျိုးအတွက် ဆောင်ရွက်နိုင်သည့် သူများဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံအတွက် အရေးကြီးသဖြင့် ရွေးကောက်ပွဲ အောင်မြင်စေရေး အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ရှိ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာ သိပ္ပံ(ပုသိမ်) တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန် (ပုသိမ်) တည်ဆောက် ပြီးစီးနေမှုနှင့် ရေကူးကန်အတွင်းအခြေခံရေကူးနှင့် ဒိုင်ဗင်သင်တန်းသားသင်တန်းသူများ ရေကူးလေ့ကျင့်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ်သို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပုသိမ်လေဆိပ်အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ပုသိမ်လေယာဉ်ကွင်းအား ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- ❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းများ ကောင်းမွန်အောင်ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ကြရန်လို**
- ❖ **စိုက်ပျိုးရေးနှင့် ပတ်သက်၍ မြေကို စနစ်တကျအသုံးချရန်လိုပြီး မွေးမြူရေးနှင့် ပတ်သက်၍ မြို့တွင်ရှိပြီးဖြစ်သည့် ဒေသတွင်း စားရေးအထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်**
- ❖ **ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများ နည်းပါးနေသေးသည့်အတွက် တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၆၉

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

❖ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊

❖ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြား သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကို လည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုသတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိ ပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေး

**ဖွံ့ဖြိုးတိုးတက်မှုဟာ ဖြစ်ထွန်းမှုတွေ၊ အသစ်ဖန်တီးမှုတွေနဲ့ စည်စည်ကားကားရှိနေပေမယ့် စစ်ပွဲတွေကတော့ အရာအားလုံးကို ဖျက်ဆီးပစ်ဖို့ကိုပဲ ဦးတည်နေပြီး တွေ့သမျှမြင်ကွင်းကို အနိဋ္ဌာရုံတွေနဲ့ ပြည့်နေစေတော့တာပါပဲ။ စစ်နဲ့ကြုံလိုက်ရင် ရုပ်ဝတ္ထုမှန်သမျှဟာ ပျက်စီးသွားနိုင်တယ်။ လူ့အပါအဝင်သက်ရှိအရာမှန်သမျှကို အပြင်ဒဏ်ရာတွေများစွာဖြစ်သွားစေနိုင်သလို ကုသရခက်တဲ့ နက်နက်ရှိုင်းရှိုင်း ကြေကွဲစရာဝေဒနာတွေကိုပါ ဖြစ်သွားစေပါတယ်။**

ကြယ်စင်ဖေသင်

စစ်ဟာ လူ့အသိုင်းအဝိုင်းတစ်ခု အပေါ် ဘယ်လောက်တောင်သက်ရောက်စေပါသလဲ။ ၂၀ ရာစု အစောပိုင်းကာလရဲ့ ဩဇာအရှိဆုံးစီးပွားရေးပညာရှင် ဂျွန်မေနတ်စ် ကိန်း(John Maynard Keynes ) ကတော့ ငြိမ်းချမ်းရေးရဲ့စီးပွားရေး အကျိုးဆက်များ (The Economic Consequences of the Peace) စာအုပ်ထဲမှာ "**စစ်ဆိုသောအရာသည် မည်သူပင်နိုင်သည်ဖြစ်စေ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုနှင့် မျိုးဆက်တို့၏ အနာဂတ်ကို ဖျက်ဆီးပစ်တတ်သည်**" လို့ ရေးထားတယ်။

**စစ်ပွဲရဲ့ရက်စက်မှုတွေ နှလုံးသားကို တိုက်ရိုက်သက်ရောက်လာတတ်**

စစ်ဟာ ပစ္စုပ္ပန်ရော အနာဂတ်ကိုပါ တစ်ပြိုင်နက် ဖျက်ဆီးပစ်နိုင်တဲ့အရာဖြစ်တယ်။ စစ်ပွဲအတွင်းမှာရော စစ်ပွဲကာလအလွန်မှာပါ ရုပ်ဝတ္ထု အပျက်အစီးတွေဖြစ်စေတယ်။ သက်ရှိသတ္တဝါ လူသားတွေကိုတော့ ကိုယ်ခန္ဓာအတွင်းအပြင် ဝေဒနာအစုံဖြစ်စေတယ်။ စစ်ပွဲတစ်ခုရဲ့ မြင်ကွင်းကို မှန်းဆမြင်ယောင်ကြည့်တဲ့အခါ သေနတ်သံ၊ ဗုံးသံတွေကြားမှာ ကြောက်လန့်တကြားနဲ့ ပြေးလွှားနေတာတွေ၊ ထိခိုက်ဒဏ်ရာရ ခံစားမှုဝေဒနာတွေ၊ သက်မဲ့ရုပ်အလောင်းတွေ၊ စစ်နဲ့ ဘယ်လိုမှမပတ်သက်တဲ့ ကလေးငယ်တွေ၊ သားသည်မိခင်တွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေရဲ့ စိုးရိမ်ထိတ်လန့်နေတဲ့မျက်နှာတွေ မြင်ကွင်းထဲရောက်လာပါလိမ့်မယ်။ စိတ်ကူးရုံနဲ့တင် စစ်ပွဲရဲ့ရက်စက်မှုတွေက နှလုံးသားကို တိုက်ရိုက်သက်ရောက်လာတတ်ပြီး ကြေကွဲစရာတွေ ခံစားသွားရနိုင်ပါတယ်။

စစ်ဖြစ်နေတဲ့ ဒေသတစ်ခုဟာ သုသာန်တစ်စပြင်လိုပါပဲ။ လူတွေ ကျီးလန့်စာစား ပြေးလွှားအသက်ရှင်နေရတဲ့ အရပ်ဖြစ်သွားတယ်။ စစ်ပွဲတွေပြီးသွားခဲ့ရင်လည်း စစ်ကပေးတဲ့ ဝေဒနာတွေက ချက်ချင်းရပ်သွားမှာ မဟုတ်ဘူး။ အပြင်ဒဏ်ရာတွေ ကျက်သွားတဲ့ ကာလတစ်ခုကြာတဲ့အထိ စိတ်ဒဏ်ရာတွေက မပျောက်နိုင်သေးတာမျိုး၊ လူမှုရေး၊ စီးပွားရေးမတည်ငြိမ်မှုတွေနဲ့ အနာဂတ်မျှော်လင့်ချက်ကင်းမဲ့ပြီး အသက်ရှင်ရပ်တည်နေရတာမျိုးတွေလည်း ရှိနေတတ်ပါတယ်။ စစ်ပွဲကြောင့် တစ်စုံတစ်ယောက် သေကျေပျက်စီးခဲ့ရင်ဖြစ်ဖြစ် ဒါမှမဟုတ် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု ထိခိုက်ဒဏ်ရာရသွားတယ်ပဲဖြစ်ဖြစ် အကျိုးဆက်ကတော့ အဲဒီတစ်ယောက်မှာပဲ ပြီးဆုံးမသွားပါဘူး။ ထိခိုက်သွားတဲ့ လူတစ်ယောက်နဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ လူမှုအသိုက်အဝန်း အနာဂတ်ကိုပါ ထိခိုက်သွားပါတော့တယ်။

အဲဒီလူနဲ့ ပတ်သက်တဲ့၊ သူ့ကို မှီခိုနေတဲ့ ဘဝတွေ အားလုံးအပေါ် ဆက်တိုက်သက်ရောက်သွားတတ်ပါတယ်။ လူမမည်လေးတွေ အားကိုးမဲ့သွားမယ်၊ မှီခိုသူသက်ကြီးရွယ်အိုဘဝတွေ ပိုပြီးချည့်နဲ့သွားမယ်၊ ဖြစ်တည်ထားတဲ့ မိသားစုအသိုက်အမြုံလေး ပြိုကွဲပျက်စီးသွားပြီး သောကတွေပင်လယ်ဝေသွားမယ်၊ လူငယ်တွေကျန်ခဲ့မယ်ဆိုရင် အနာဂတ်ရည်မှန်းချက်တွေ မှေးမှိန်သွားသလို၊ ပျောက်ပျယ်သွားသလို ခံစားကြရပါလိမ့်မယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ဆက်စပ်ပြီး တွေးကြည့်ရင် စစ်ပွဲတွေဟာ နိုင်ငံ့စီးပွားရေး အခြေအနေတွေ၊ အရင်းအမြစ်ခွဲဝေမှုတွေ၊ ဝင်ငွေခွဲဝေမှုတွေကို မတည်မငြိမ်ဖြစ်စေပြီး အနုတ်လက္ခဏာကို ဦးတည်တဲ့ အပြောင်းအလဲတွေ အများကြီးဖြစ်သွားစေနိုင်ပါတယ်။ ကုန်ထုတ်စွမ်းအားစုတွေရဲ့ တန်ဖိုးတွေပြောင်းလဲသွားတယ်၊ ကုန်စည်ဈေးနှုန်းတွေလည်း အပြောင်းအလဲတွေဖြစ်လာပြီး ဈေးကွက်အခြေအနေအပြောင်းအလဲ သိပ်မြန်တာတို့၊ မတည်မငြိမ်ဖြစ်တာတို့ပါ ကြုံလာရနိုင်တယ်။

စစ်ပွဲတွေဟာ ဒီမိုကရေစီတို့၊ ဈေးကွက်စီးပွားရေးဆိုတဲ့ အစီအစဉ်တွေအတွက်လည်း ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်စွမ်းမရှိဘူး။ ဥပဒေမဲ့ လှုပ်ရှားတတ်တဲ့ မြေအောက်စီးပွားရေးတို့၊ မှောင်ခိုစီးပွားရေးတို့ တွင်ကျယ်လာပြီး တစ်နပ်စားစီးပွားရေးလုပ်သူတွေ အလုပ်ဖြစ်စေတယ်။ စစ်ပွဲတွေရဲ့အကျိုးဆက်တွေထဲမှာ စာနာသလိုလို၊ ကူညီသလိုလိုနဲ့ ဘေးပတ်ဝန်းကျင်ရဲ့ လူလည်ကျ၊ အနိုင်ကျင့်မှုတွေကလည်း ကြုံရနိုင်ပါသေးတယ်။ ဆိုလိုတာက စစ်ဒဏ်သင့်နေတဲ့နိုင်ငံ၊ ဒေသတွေက စီးပွားရေးအခွင့်အလမ်းတွေကို တခြားနိုင်ငံတွေက အချောင်လာနှိုက်တာမျိုး၊ လူမှုရေးကိစ္စတွေမှာ အနိုင်လာကျင့်တာမျိုးတွေ ရှိလာသလို နိုင်ငံရေးတွေမှာလည်း သိသိသာသာရော မသိမသာပါ ဝင်ရောက်ပတ်သက်၊ သွေးထိုးသပ်လျှိုမှုတွေလည်း ရှိလာတတ်ပါတယ်။

**"ဒီတော့ စစ်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ငြိမ်းချမ်းရေးဆိုတာ တစ်ကမ္ဘာလုံးက လိုချင်နေတဲ့အရာဆိုတာ သေချာတဲ့ကိစ္စပါ။ ဒီလိုဆိုရင် အားလုံးလိုချင်တဲ့ ငြိမ်းချမ်းရေးဆိုတာကို ဘယ်လိုနားလည်ထားကြသလဲ။ ပညာရှင်တွေ၊ သုတေသီတွေကတော့ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုရှင်းပြထားပေမယ့် ကာလရှည် အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်နဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ အရပ်ရပ် ဖြစ်ပေါ်နေတယ်ဆိုရင်ပဲ သာမန်လူတွေ လက်လှမ်းမီတွေးဆနိုင်တဲ့ ငြိမ်းချမ်းရေးလို့ ဆိုရမှာပါ"**

**❂ ဒီကမ္ဘာမြေပေါ်မှာ ရှင်သန်နေတဲ့ လူသားတွေအတော်များများမှာ မွန်မြတ်တဲ့စိတ်ထား၊ နှလုံးသားတွေရှိနေပါသေးတယ်။ နှလုံးခုန်သံမရပ်သေးတဲ့ အချိန်လေးမှာ ရလာနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကိုယ်တိုင်ခံစားချင်တဲ့၊ အနာဂတ်မျိုးဆက်တွေအတွက် အမွေကောင်းတွေ ချန်ထားချင်တဲ့ မျှော်လင့်ချက်စိတ်ကူးတွေပါပဲ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ဝါရင့်သမ္မာရင့် ဂျာမန်နိုင်ငံရေးသမား Willy Brandt ပြောခဲ့ဖူးတဲ့ စကားတချို့ကို ပြန်စဉ်းစားမိတယ်။ Willy Brandt က " ငြိမ်းချမ်းရေးဟာ အရာရာတိုင်းကို မလုပ်ပေးနိုင်ပေမယ့် ငြိမ်းချမ်းရေးမရှိရင်တော့ ဘာမှမဖြစ်နိုင်ဘူး"တဲ့။ ဒီတော့ လူတိုင်းဟာ ငြိမ်းချမ်းရေးကို မဖြစ်မနေ လိုချင်နေကြမှာပါပဲ**

**စစ်ပွဲတွေကို ကိုယ်ကျိုးစီးပွား၊ ကိုယ့်အတ္တအတွက် ဖန်တီးနေ**

လူတွေဟာ စစ်ပွဲကို မကြိုက်ကြပါဘူး။ ဒါပေမယ့် စစ်ပွဲကို မက်မက်မောမောနဲ့ ဖန်တီးနေတဲ့လူတွေလည်း ရှိကြတယ်ဆိုရင် ယုံချင်မှယုံကြပါလိမ့်မယ်။ လူတိုင်းမကြိုက်တဲ့ စစ်ပွဲတွေကို ကိုယ်ကျိုးစီးပွား၊ ကိုယ့်အတ္တအတွက် နှစ်နှစ်ခြိုက်ခြိုက် ဖန်တီးနေသူတွေ ဒီကမ္ဘာပေါ်မှာ ရှိနေပါတယ်။ ဘာလို့ ဒီလိုဖန်တီးနေကြပါသလဲ။ သေချာတာကတော့ တစ်ဦးတစ်ယောက် ဒါမှမဟုတ် အုပ်စုတစ်စု၊ အဖွဲ့တစ်ဖွဲ့ရဲ့ ကိုယ်ကျိုးစီးပွားတွေ အတွက်ကြောင့်ပါပဲ။ အဲဒီအကျိုးစီးပွားတွေရဲ့နောက်မှာ ထုထည်ကြီးမားတဲ့ လောဘ၊ ဒေါသတွန်းအားတွေရှိနေပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားမှာဖြစ်နေတဲ့ စစ်ပွဲတွေမှာဆို ပယောဂတွေမျိုးစုံ ရှုပ်ယှက်ခတ်နေတာပဲ။ အဲဒီပယောဂတွေကိုက သေနတ်တွေ၊ အမြောက်တွေ၊ ကျည်ဆန်၊ ဗုံးဆန်တွေ ထပ်တိုးအင်အားဖြည့်ပေးတတ်ပြီး စစ်ပွဲတွေကို ပိုပြီးကြီးမား၊ အားကောင်းစေလာတော့တာပဲ။

ဖျက်ဆီးတတ်တဲ့သဘာဝရှိတဲ့ စစ်ပွဲတွေဟာ တစ်ကမ္ဘာလုံးက လိုလိုလားလား အားထုတ်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာနဲ့ ပြဒါးတစ်လမ်းသံတစ်လမ်း၊ တခြားစီပါပဲ။ ကမ္ဘာပေါ်က နိုင်ငံအများစုပါဝင်တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်တိုင်က ၂၀၁၅ ခုနှစ်မှာ ချမှတ်ထားတဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် ၁၇ ချက်မှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့အချက်ကို ပန်းတိုင်အဖြစ် ထည့်သွင်းထားတာကို တွေ့ကြရပါလိမ့်မယ်။

ဒီတော့ စစ်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ငြိမ်းချမ်းရေးဆိုတာ တစ်ကမ္ဘာလုံးက လိုချင်နေတဲ့အရာဆိုတာ သေချာတဲ့ကိစ္စပါ။ ဒီလိုဆိုရင် အားလုံးလိုချင်တဲ့ ငြိမ်းချမ်းရေးဆိုတာကို ဘယ်လိုနားလည်ထားကြသလဲ။ ပညာရှင်တွေ၊ သုတေသီတွေကတော့ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုရှင်းပြထားပေမယ့် ကာလရှည် အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်နဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေအရပ်ရပ် ဖြစ်ပေါ်နေတယ်ဆိုရင်ပဲ သာမန်လူတွေ လက်လှမ်းမီတွေးဆနိုင်တဲ့ ငြိမ်းချမ်းရေးလို့ဆိုရမှာပါ။

လက်နက်ကိုင်တိုက်ခိုက်မှုတွေ မရှိတာနဲ့ ငြိမ်းချမ်းပြီလို့ဆိုနိုင်ပေမယ့် ကာလရှည်ကတော့ မငြိမ်းချမ်းနိုင်ဘူး။ ရရှိထားတဲ့ငြိမ်းချမ်းမှုကလည်း မတည်တံ့နိုင်ဘူး။ ဒီတော့ ရေရှည်တည်တံ့မယ့် စစ်မှန်တဲ့ ငြိမ်းချမ်းရေး ဖြစ်ဖို့လိုပါတယ်။ အချိန်အကြာကြီး တည်တံ့တဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးဆိုတာ ကိုယ်ချင်းစာစိတ်၊ အမြော်အမြင်ရှိတဲ့ စိတ်ထားတွေ အားကောင်းနေတဲ့ နေရာမျိုးမှာမှ တည်ရှိနိုင်မှာပါ။ အဲဒီလိုငြိမ်းချမ်းရေးမျိုး ရခဲ့ရင်တော့ ဒေသတစ်ခု၊ နိုင်ငံတစ်ခုရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အားတက်စရာ ဖြစ်လာနိုင်တာပေါ့။

**လူတိုင်းဟာ ငြိမ်းချမ်းရေးကို မဖြစ်မနေ လိုချင်နေကြ**

ဒီကမ္ဘာမြေပေါ်မှာ ရှင်သန်နေတဲ့ လူသားတွေ အတော်များများမှာ မွန်မြတ်တဲ့ စိတ်ထား၊ နှလုံးသားတွေရှိနေပါသေးတယ်။ နှလုံးခုန်သံမရပ်သေးတဲ့ အချိန်လေးမှာ ရလာနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကိုယ်တိုင်ခံစားချင်တဲ့၊ အနာဂတ်မျိုးဆက်တွေအတွက် အမွေကောင်းတွေ ချန်ထားချင်တဲ့ မျှော်လင့်ချက်စိတ်ကူးတွေပါပဲ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ဝါရင့်သမ္မာရင့် ဂျာမန်နိုင်ငံရေးသမား Willy Brandt ပြောခဲ့ဖူးတဲ့ စကားတချို့ကို ပြန်စဉ်းစားမိတယ်။ Willy Brandt က "**ငြိမ်းချမ်းရေးဟာ အရာရာတိုင်းကို မလုပ်ပေးနိုင်ပေမယ့် ငြိမ်းချမ်းရေးမရှိရင်တော့ ဘာမှမဖြစ်နိုင်ဘူး**" တဲ့။ ဒီတော့ လူတိုင်းဟာ ငြိမ်းချမ်းရေးကို မဖြစ်မနေ လိုချင်နေကြမှာပါပဲ။

ငြိမ်းချမ်းရေးရရှိဖို့ဆိုတာ အပြောလွယ်သလောက် လက်တွေ့မှာတော့ မလွယ်လှဘူး။ ငြိမ်းချမ်းရေးပန်းတိုင်ဟာ မမျှော်မှန်းရဲလောက်အောင် ခမ်းနားကြီးကျယ်နေသလား။ ငြိမ်းချမ်းရေးဆိုတာ ရဖို့ သိပ်ပြီးခက်ခဲနေတာလား။ ငြိမ်းချမ်းရေး ချိုးငှက်ဟာ လွတ်လပ်စွာ ပျံသန်းပြီး တေးသီကျူးချင်ပေမယ့် စစ်ပွဲဆိုတဲ့အရာက ချုပ်နှောင်ထားဆဲဖြစ်သတဲ့။

မေတ္တာရပ်ခံပါရစေ။ လူ့အဖွဲ့အစည်းတစ်ရပ်၊ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဟာ ပစ္စုပ္ပန်ကာလ အမြော်အမြင်ရှိမှုတွေ အပေါ်မှာ အများကြီးမူတည်နေပါတယ်။ ဒီတော့ နိုင်ငံ့အနာဂတ်၊ မျိုးဆက်သစ်တွေရဲ့ အနာဂတ်အတွက် မျက်တောင်မွေးတစ်ဆုံးထက် ကျော်လွန်တဲ့၊ မျက်စိအမြင်တစ်ဆုံးထက် ကျော်လွန်မြင်နိုင်စွမ်းရှိတဲ့ စိတ်ထားတွေနဲ့ ငြိမ်းချမ်းရေးအတွက် အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းမိပါတယ်။

လူသားအားလုံးဟာ မမြဲခြင်း အနိစ္စတရားကပ်လျက်နဲ့ အသက်ရှင်ရတဲ့သူတွေပါ။ နှလုံးသွေးလည်ပတ်မှုရပ်လို့ ရှင်သန်မှုရပ်တန့်သွားခဲ့တဲ့အခါ တမလွန်ဘဝဆီကို ပိုင်ဆိုင်ထားတဲ့အရာတွေ၊ ရုပ်ဝတ္ထုမှန်သမျှ ဘာကိုမှယူသွားလို့ မရပါဘူး။ အသက်ရှင်သန်စဉ်က ပြုမူခဲ့တဲ့ ရုပ်ပိုင်းဆိုင်ရာ၊ နှလုံးသွင်းခဲ့တဲ့ စိတ်ပိုင်းဆိုင်ရာ အဆိုးအကောင်းတွေရဲ့ အကျိုးဆက်တွေပဲ ပါသွားမှာပါ။ စိတ်ကောင်း၊ နှလုံးကောင်းတွေနဲ့ လုပ်ခဲ့တာတွေကတော့ ကောင်းမှုအဖြစ်နဲ့ နောင်သံသရာအထိ အကျိုးသက်ရောက်မှုရှိနေမှာဖြစ်သလို ကျန်ရစ်ခဲ့တဲ့ကာယကံရှင်ရဲ့အသိုင်းအဝိုင်း၊ အနာဂတ်မျိုးဆက်တွေပါ ဂုဏ်ယူရမယ့် အမွေကောင်းတွေအဖြစ် ကျန်ရစ်ခဲ့မှာပါ။

စစ်ပွဲဆိုတာကို ကြားကို မကြားချင်တော့ပါဘူး ။ ငြိမ်းချမ်းရေး စကားသံတွေကိုပဲ ကြားပါရစေတော့။ အမြန်ဆုံးပဲ ငြိမ်းချမ်းရေးဖြစ်ထွန်းစေချင်ပါတယ်။ ငြိမ်းချမ်းရေး တကယ်ရှိမှပဲ ဖွံ့ဖြိုးတိုးတက်မှုကို ပီပီပြင်ပြင် ထိထိရောက်ရောက် လှုပ်ရှားဆောင်ရွက်နိုင်မယ်။ ဖွံ့ဖြိုးတိုးတက်မှုဆိုတာကို သေချာပေါက် ရရှိနိုင်မယ်လို့ယုံကြည်ပါတယ်။ ဒီတော့ အားလုံးဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးကို ဇွဲနပဲနဲ့ ဆက်ပြီးစောင့်နေကြပါပြီ။ ။

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (Non–aligned Movement– NAM) ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မိုဇမ်ဘစ်၊ အီရန်၊ ဘယ်လာရုစ်၊ ကျူးဘား၊ ယူဂန်ဒါနိုင်ငံခြားရေးဝန်ကြီးများနှင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေး ပုဂ္ဂိုလ်၊ အီတလီနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီးတို့နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ်ပါလာမြို့ရှိ ယူဂန်ဒါဗုဒ္ဓစင်တာ (Uganda Buddhist Centre) သို့ သွားရောက်ပြီး မြန်မာနိုင်ငံမှပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်ပွားကို ဆက်ကပ်လှူဒါန်း




ခဲ့ကာ စင်တာရှိ ရဟန်းသံဃာများ၊ ရှင်သာမဏေများနှင့် သီလရှင်များအတွက် သက်န်းပရိက္ခရာများ၊ ဆွမ်းခဲဖွယ်များနှင့် ပညာရေး၊ လူမှုရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် နဝကမ္မအလှူငွေများ လှူဒါန်းခဲ့သည်။

၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီးများ၏ လမ်းညွှန်မှုဖြင့် ယူဂန်ဒါနိုင်ငံသား ဆရာတော် Bhante Buddharakkita က ဦးဆောင်ပြီး အမေရိကန်ပြည်ထောင်စုမှ ဒါယကာ၊ ဒါယိကာမများ၏ ပံ့ပိုးမှုဖြင့် ယူဂန်ဒါဗုဒ္ဓစင်တာကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကာ မြန်မာနိုင်ငံနှင့် နက်ရှိုင်းသောဆက်ဆံရေးလည်း ရှိသည်။

အဆိုပါ စင်တာသည် အာဖရိကတိုက်တွင် ဗုဒ္ဓဓမ္မများပြန့်ပွားရေး၏ အဓိကကျသော ဗဟိုဌာနတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး ဘာသာရေးလုပ်ငန်းများအပြင် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ အာဖရိကဗုဒ္ဓကောလိပ် (Africa Buddhist College– ABC) အဖြစ် ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံမှ ဆရာတော်တစ်ပါးနှင့် သီလရှင်နှစ်ပါးတို့သည် Uganda Buddhist Centre တွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ Uganda Buddhist Centre တွင် စာပေသင်ယူလျက်ရှိသည့် ရှင်သာမဏေနှင့် သီလရှင်စုစုပေါင်း အပါး ၇၀ နီးပါးရှိကြောင်း သိရှိရသည်။

ယခုခရီးစဉ်သည် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးမြှင့်တင်ရေးအတွက် မဟာဗျူဟာမြောက် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့မျက်နှာစာတွင် မြန်မာနိုင်ငံ၏ တက်ကြွသော ပါဝင်မှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်၏ ခိုင်မြဲသော ကတိကဝတ်နှင့် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုကို ထင်ဟပ်ပြသနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် မန္တလေးတိုင်းဒေသကြီးရှိ ငလျင်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး




**မန္တလေး အောက်တိုဘာ ၁၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပြည်တွင်း အခွန်များဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနအောက်ရှိ ဌာနများအနေဖြင့် ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဆောင်ရွက်ပေးရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ် ကောက်ခံခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးကြသည်။ (ဓါတ်ပုံ)

ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ကြီးဌာနမှ ရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများအား တွေ့ဆုံအားပေး

**နေပြည်တော် အောက်တိုဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်တောင်သူများလိုအပ်သည့် နည်းပညာများအား ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများမှ အကူအညီတောင်းခံလာပါက ဆက်စပ်ဦးစီးဌာနများနှင့် တတ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေတိုးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို စေတနာထား လုပ်ဆောင်ကြရန်လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ရှိ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း (ပုသိမ်)သို့သွားရောက်ပြီး သင်တန်းကျောင်းခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် အရေးကြီးပါကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် ပျော်ရွှင်အေးချမ်းစွာပညာသင်ကြားကြပြီး စာကြိုးစားကြရန်နှင့် အမှန်



တကယ် တတ်မြောက်စေရေး၊ စွမ်းရည်များ ပြည့်ဝစေရေးတို့အတွက် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း၊ စိတ်ဓာတ်ခံယူချက်ကောင်းရန်၊ ရည်မှန်းချက်ထားရန်လိုအပ်ကြောင်း၊ သတ်မှတ်အရည်အချင်းပြည့်မီပါက သမဝါယမကောလိပ်နှင့် တက္ကသိုလ်များသို့ ဆက်လက်ပေါင်းကူးတက်ရောက်နိုင်ကြောင်း၊ ဆရာ ဆရာမများကလည်း အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရန်နှင့် သင်တန်းပြီးဆုံးပါက အလုပ်အကိုင်အခွင့်အလမ်းရရှိသည်အထိ ချိတ်ဆက်ဆောင်ရွက်ပေးရန် မှာကြားပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် အောက်တိုဘာ ၁၉**

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်တင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# တပ်ကုန်းမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ကျေးရွာများဖြစ်သည့် မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကျီးပင်၊ ညောင်ပင်သာကျောင်းတိုက် ဆရာတော် ဦးဥက္ကဋ္ဌအား ဖူးမြော်ကြည်ညိုပြီး ဘုရားဆင်းတုတော်များ၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြကာ မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်တားဆီးရမည့် နည်းလမ်းများနှင့် အစီအမံများကို ဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကြုံတွေ့နေရသည့်အခက်အခဲများအတွက် စိတ်ဓာတ်မကျရန်နှင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကောင်းမွန်သည့် လူမှုအသိုက်အဝန်းတစ်ခုသို့ရောက်အောင် အကောင်းဆုံး ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်က မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့ကို သဘာဝဘေးအလွန် စံပြကျေးရွာများဖြစ်အောင် ငွေကြေးအကုန်ကျခံကာ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရေး ဒေသခံပြည်သူများကလည်း စိတ်ဓာတ်ခိုင်ခိုင်မာမာနှင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်မည်ဖြစ်ကြောင်း။

မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားအခွင့်အရေးတစ်ရပ်အနေဖြင့် မဖြစ်မနေမဲပေးကြရန် တိုက်တွန်းလိုကြောင်း၊ မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂိုလ်များကိုသာ ရွေးချယ်မဲပေးသင့်ကြောင်း၊ ဒေသခံပြည်သူများအတွက် စိတ်ဓာတ်ခွန်အားရရှိစေမည့် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာအတွင်း အသားကဏ္ဍ ဖူလုံစေရန် ရည်ရွယ်၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ညောင်ပင်သာကျေးရွာအတွင်းရှိ ရေဘေးသင့်ပြည်သူများ နေထိုင်နိုင်ရန် တည်ဆောက်ပေးထားသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး နဝင်းချောင်းကမ်းထိန်းလုပ်ငန်း လျာထားဆောင်ရွက်နေမှုအခြေအနေ၊ အိမ်ထောင်စုများအလိုက် နေထိုင်စားသောက်မှုအခြေအနေ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကိုမေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဒေသခံပြည်သူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

**သတင်းစဉ်**



## ရောဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေး လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့တွင် ပုသိမ်မြို့ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရောဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေး၊ လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၏ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာ ကောက်ယူရရှိရေး၊ ဝန်ထမ်းများအားလုံး စည်းကမ်းစနစ်နှင့်အညီ နေထိုင်ရေး၊ ဝန်ထမ်းစည်းမျဉ်းပါအတိုင်း လိုက်နာကျင့်ကြံရေး၊ ဆိုင်ရာနည်းပညာများကို အမြဲမပြတ်လေ့လာကြံဆပြီး အရည်အချင်းတိုးတက်အောင် လေ့လာဆောင်ရွက်ရန်၊ ဒေသဆိုင်ရာအစိုးရအဖွဲ့၏ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ အောင်မြင်မှုရရှိရေးအတွက် မိမိပညာရပ်ဖြင့် အထောက်အကူပြုနိုင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် ဘာသာတရား၏ အဆုံးအမနှင့်အညီ ကျင့်ကြံနေထိုင်ရန် အပါအဝင် လိုအပ်သည်များဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးများက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုတင်ပြကြပြီး ဌာနအလိုက်ဝန်ထမ်းများ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူငယ်ရေးရာ ဟောပြောပွဲနှင့် လူငယ်စစ်တမ်းဖြေဆိုခြင်း ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

မွန်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူငယ်ရေးရာ ဟောပြောပွဲနှင့် လူငယ်စစ်တမ်းဖြေဆိုခြင်း ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြောင်းလဲနေသည့် ဒစ်ဂျစ်တယ်ခေတ်ကြီးတွင် နည်းပညာများ တိုးတက်လျက်ရှိသကဲ့သို့ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခန်းကဏ္ဍသည် ပြောင်းလဲနေသည်ကို လူငယ်အားလုံး သတိပြုရမည်ဖြစ်ကြောင်း၊ လူငယ်များသည် မိမိတို့ဘဝအတွက်သာမက နိုင်ငံနှင့်ပြည်သူအတွက်ပါ အကျိုးရှိစေမည့် ကြီးမားသည့်တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် အတွေ့အကြုံကောင်းများရရှိလာရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဇော်ဦးက လူငယ်ဗျူဟာဖိုရမ် ၂၀၁၅ ပါ ပထဝီနိုင်ငံရေး၊ စီးပွားရေးနှင့် အဆင့်မြင့်ပညာရေးတွင် သုတေသနအရေးပါမှု အကြောင်းအရာများကို ဟောပြောပို့ချဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ လူငယ်ကိုယ်စားလှယ်များ၊ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လူငယ်စစ်တမ်းဖြေဆိုခြင်း၊ စစ်တမ်းတွေ့ရှိချက်အချို့ ပြန်လည်တင်ပြခြင်း၊ သုတေသန အခွင့်အလမ်းများအကြောင်း ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



○ *ကျောဖုံးမှ*

ဖူလ်ဟမ်အသင်းသည် ရှုံးပွဲဆက်နေမှုကို ချေဖျက်ရန် နိုင်ပွဲရရေး ခြေကုန်ထုတ်လာသော်လည်း အာဆင်နယ်အသင်း၏ ကျစ်လျစ်မာကျောသည့် ခံစစ်ကို ထိုးဖောက်ကျော်ဖြတ်နိုင်စွမ်း မရှိသည့်အတွက် နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ပြီး ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကိုပွဲကစားချိန် ၅၈ မိနစ်တွင် ထရိုဆတ်က သွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ်ရှစ်ပွဲကစားပြီးချိန်တွင် ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၉ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ပြိုင်ဘက် ဖူလ်ဟမ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ်ရှစ်ပွဲတွင် ရှုံးပွဲလေးပွဲရှိလာခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းသည် ပွဲကစားချိန်တစ်လျှောက် အာဆင်နယ်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းခွင့်ကိုးကြိမ်ထက်မနည်းရှိခဲ့သော်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေး ဖန်တီးနိုင်မှုမရှိသည့်အပြင် ဂိုးပေါက်တည့်မတ်မှုပင် မရှိခဲ့ချေ။ အာဆင်နယ်အသင်းက ဂိုးပေါက်ကန်သွင်းခွင့် ၁၆ ကြိမ်အထိရှိခဲ့ပြီး ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှု သုံးကြိမ်အပြင် ဂိုးပေါက်တည့်မတ်မှု ငါးကြိမ်အထိရှိခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ချယ်ဆီးက နော်တင်ဟမ်ဖောရက်စ်ကို သုံးဂိုး-ဂိုးမရှိ၊ ဘရိုက်တန်က နယူးကာဆယ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘန်လေက လိဒ်စ်ကို နှစ်ဂိုး-ဂိုးမရှိ၊ မန်စီးတီးက အဲဗာတန်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆန်းဒါးလန်းက ဝုဖ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ပြီး ခရစ္စတယ်ပဲလေ့စ်နှင့် ဘုန်းမောက်အသင်းပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့သည်။

**အောင်ဇော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားတက်ရောက်



**နေပြည်တော် အောက်တိုဘာ ၁၉**

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ညွှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို အောက်တိုဘာ ၃ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ဗဟိုကော်မတီအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အချက်(၁၅)ချက်အား အချိန်မီဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သဖြင့် အမြန်ဆုံးပြီးစီးရေးအတွက် အချိန်ဇယားများ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီအနေဖြင့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်မှာကြားချက်များနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်၊ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီများ၏ လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြုစု၍ လုပ်ငန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်အသီးသီးရှိ စက်ရုံတစ်ခုချင်းစီ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ထုတ်လုပ်မှုတန်ဖိုး၊ မြင်းကောင်ရေအား၊ လုပ်သားဦးရေ၊ ထုတ်ကုန်ပစ္စည်းအမျိုးအစား၊ မြေအသုံးပြုမှုတို့ကို ပြုစုတင်ပြပေးစေလိုကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်မှသာ ဒေသအတွင်းရှိ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ခြင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းဖြင့် တိုင်းဒေသကြီး GDP တွင် စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးမြင့်တင်နိုင်ခြင်းစသည့် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်နိုင်၍ အလေးထား ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည့် အခြေအနေ၊ ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ စက်မှုဇုန်တာဝန်ရှိသူများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က စက်မှုဇုန်အလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းပေးမည့် အခြေအနေ၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများ၊ မန္တလေးမြို့ရှိ စက်ရုံများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးဌာနကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံခွဲ (ဝမ်းတွင်း) သို့ ရောက်ရှိပြီး ငလျင်ကြောင့် စက်ရုံထိခိုက်ပျက်စီးခဲ့သဖြင့် ပြန်လည်ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းမကြီးများ၊ လမ်းဘေးပလက်ဖောင်းများပြုပြင်နေမှုနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးပလက်ဖောင်းနှင့် လမ်းဘေးဝဲယာ သန့်ရှင်းသာယာ လှပရေး ဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန် ပြီးစီးစေရေးအတွက် လုပ်သားအင်အား တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ငလျင်ကြောင့် ဒက္ခိဏသီရိမြို့နယ်ရှိ ထိခိုက်ပျက်စီးခဲ့သည့် လမ်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း(AC) ခင်းကျင်းနေမှုကိုလည်းကောင်း၊ လယ်ဝေးမြို့နယ်အတွင်းရှိ လမ်းမကြီး ဘေးဝဲယာ သန့်ရှင်းသာယာလှပရေးနှင့် ကြာကန်ပတ်လည် ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငလျင်ကြောင့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအပိုင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် လမ်းပလက်ဖောင်းများနှင့် မြေထိန်းနံရံများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်သားအင်အား တိုးမြှင့်ဆောင်ရွက်ရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် လမ်းဘေး ရေနုတ်မြောင်းများ စနစ်တကျ ပြန်လည်တူးဖော်ရေး၊ လုပ်ငန်းများကို တာဝန်ခံ အင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ရေး၊ ပန်းအလှပင်များ စိုက်ပျိုးသွားရေး၊ မြေထိန်းနံရံများကို ငလျင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## ထူးခြားသည့် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၉**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင် အနောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “ဖန်ရှန်” (FENGSHEN) သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိသည်။ အဆိုပါ အပူပိုင်းမုန်တိုင်း “ဖန်ရှန်” သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး တောင်တရုတ်ပင်လယ်ပြင်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပုသိမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် အောက်တိုဘာ ၁၉**

တက္ကသိုလ်များတွင်ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ စခန်းချလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များ ရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်း ပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပုသိမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အောက်တိုဘာ ၁၈ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က တပ်နယ်အားကစားရုံ၌ လာရောက်ဂုဏ်ပြုသီဆို ဖျော်ဖြေကြရာ သင်တန်းသား သင်တန်းသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုအားပေးကြပြီး ပျော်ရွှင်စွာ အတူတကွ ပါဝင်သီဆိုခဲ့ကြသည်။

ထိုသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ သီဆိုဖျော်ဖြေနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိရသည်။ **သတင်းစဉ်**

# နိုင်ငံသားတိုင်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကိုသိရှိပြီး ထိန်းသိမ်းကာကွယ်သွားကြပါစို့

*သီသီသောင်း*

❖ **“မြန်မာ့သနပ်ခါး”ကိုလည်း မြန်မာနိုင်ငံမှ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုတွင် တင်သွင်းထားပြီးဖြစ်သလို ဆက်လက်ပြီး မြန်မာ့လက်ဖက်နှင့် မြန်မာ့ကြိုးကြီးချိတ်တို့ကိုလည်း ယူနက်စကို စာရင်းဝင်နိုင်ရေးအတွက် အစိုးရနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများက ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဂုဏ်ဆောင် အမျိုးသားပြတိုက်နှစ်ခုအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြတိုက်များတွင်လည်း ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြသသည့် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်နေကြ**

၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့က ယူနက်စကို (UNESCO) ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အထွေထွေအစည်းအဝေး၌ **“ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရေးအပေါ် သဘောတူညီချက်”** သဘောတူစာချုပ်ကို အတည်ပြုခဲ့ရာ ယခုနှစ်တွင် ၂၂ နှစ်ပြည့်ပြီဖြစ်ပါသည်။ ၂၀၀၃ သဘောတူစာချုပ်သည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကို အသိအမှတ်ပြုသည့် အရေးပါသော မှတ်တိုင်ဖြစ်ပြီး ယူနက်စကိုက ၁၉၇၂ ခုနှစ်တွင် အတည်ပြုခဲ့သော “ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်ရေး သဘောတူစာချုပ်”ကို ပြည့်စုံစေသည့် တိုးတက်မှုတစ်ရပ်လည်း ဖြစ်ပါသည်။ ယနေ့အထိ စုစုပေါင်း ၁၈၃ နိုင်ငံက ယင်းသဘောတူစာချုပ်အပေါ် လက်မှတ်ရေးထိုးပြီးဖြစ်ကြပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံလုံး ပါဝင်ပါသည်။ ထိုထဲတွင် မော်လ်တာနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် နောက်ဆုံးအဖြစ် လက်မှတ်ရေးထိုးခဲ့သည့်နိုင်ငံ ဖြစ်ပါသည်။

၂၀၀၃ ခုနှစ် သဘောတူစာချုပ်၏ အရေးပါမှုကို နှစ်ပိုင်း မြင်နိုင်ပါသည်။ ပထမအနေဖြင့် “ယဉ်ကျေးမှုအမွေအနှစ်” ဟု ခေါ်ဆို၍ အသိအမှတ်ပြုနိုင်သော အရာများ၏ နယ်ပယ်အကျယ်ကို ကမ္ဘာလုံးဆိုင်ရာ အဆင့်တွင် ထူးခြားစွာတိုးချဲ့ပေးခဲ့ခြင်းဖြစ်ပြီး ဒုတိယအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်နှင့် ထိန်းသိမ်းစောင့်ရှောက်မှုအပေါ်တွင် တွေ့မြင်ရသော အနည်းငယ်ကွာခြားသည့် ဆောင်ရွက်မှုတစ်ခု ဖြစ်လာစေခဲ့ပါသည်။ ဤသဘောတူစာချုပ် နှစ်ပတ်လည် နှစ်(၂၀) ပြည့်သည့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလက ကျင်းပပြုလုပ်ခဲ့သည့် ယူနက်စကို၏ (၄၂) ကြိမ်မြောက် အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၄ ဖြင့် အောက်တိုဘာလ ၁၇ ရက်နေ့ကို **“အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့”** ဟု အတည်ပြုသတ်မှတ်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့ ကျင်းပရန် ရှင်သန်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များ၏ ကြွယ်ဝချမ်းသာမှုနှင့် မတူကွဲပြားမှုကို ပြသနိုင်သည့် ပွဲများ၊ လှုပ်ရှားမှုများ ပြုလုပ်စီစဉ်ဂုဏ်ပြုရန် လှုံ့ဆော်၍ ကမ္ဘာတစ်ဝန်း ကျင်းပခဲ့ရာ ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ၂၀၀၃ ကွန်ဗင်းရှင်း(UNESCO 2003 Convention)တွင် ပါဝင်သည့်နိုင်ငံများ၊ ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် အခြားပါဝင်သူများက တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

### နည်းပညာအသုံးချမှုများ ဆွေးနွေး

၂၀၂၄ ခုနှစ် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာတစ်ဝန်း အောင်မြင်စွာ ကျင်းပခဲ့ရာ နိုင်ငံအသီးသီးတွင် ဒေသခံတို့၏ ပွဲတော်များ၊ နိုင်ငံပိုင်မီဒီယာကြော်ငြာများ၊ ပွဲတော်များကို ပုံစံအမျိုးမျိုးဖြင့် စီစဉ်ကာ ဘိုးဘွားစဉ်ဆက်မှ ယနေ့အထိ ရှင်သန်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြသခဲ့ကြပြီး နိုင်ငံတော်အဆင့်စာရင်းဝင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဆိုရှယ်မီဒီယာနှင့် ဝက်ဘ်ဆိုက်များမှတစ်ဆင့် ရိုးရာပွဲတော်များနှင့် လှုပ်ရှားမှုများကို ထုတ်ဖော်ပြသခဲ့ပါသည်။ ထို့အပြင် AI နည်းပညာနှင့် ပတ်သက်သည့် Webinar တစ်ခုကိုလည်း စီစဉ်ကာ ယဉ်ကျေးမှုအမွေအနှစ်နှင့် ဆက်စပ်နေသည့် နည်းပညာအသုံးချမှုများကို ဆွေးနွေးခဲ့ကြပါသည်။ ထိုပွဲများတွင် အနုပညာပြပွဲများ၊ ရိုးရာလက်မှုအတတ်ပညာလုပ်ငန်းစဉ်များ၊ ရုပ်ရှင်များ၊ စကားဝိုင်းဆွေးနွေးပွဲများကိုပါ ပြုလုပ်ခဲ့ကြပြီး ဧည့်ပရိသတ်များကို လာရောက်ကြည့်ရှု၊ သင်ယူကာ စုပေါင်းပျော်ရွှင်နိုင်စေရန်အတွက် စီစဉ်ပေးခဲ့ပါသည်။

၂၀၂၄ခုနှစ် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့သည် ကမ္ဘာတစ်လွှားရှိ ယဉ်ကျေးမှုဓလေ့များနှင့် အလေ့အကျင့်မှုများကြွယ်ဝမှု (global wealth of cultural traditions and practices )ကို ဂုဏ်ပြုပြသနိုင်သည့်အပြင် ဆက်လက်ထိန်းသိမ်းရန် လိုအပ်ကြောင်းကိုလည်း ထင်ဟပ်ပြသရန် အခွင့်အရေးဖြစ်ခဲ့ပါသည်။

### အနာဂတ်အတွက် ထိန်းသိမ်းကာကွယ်ရန် လိုအပ်

ယင်းနေ့တွင် နိုင်ငံအသီးသီး၏ ရိုးရာအကများ(dances )၊ ရိုးရာဓလေ့ထုံးတမ်းများ(traditions )၊ ပါးစပ်ရာဇဝင်များ (oral histories) နှင့် လက်မှုအတတ်ပညာများ(craftsmanship )ကဲ့သို့ ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်း (safeguarding living heritage )၏ အရေးပါမှုကို ပြည်သူများ ပိုမိုသိရှိနိုင်ရန် အသိပညာပေး၍ ဂုဏ်ပြုဆင်နွှဲကြပါသည်။ ဤကဲ့သို့ တက်ကြွစွာ ပါဝင်ခြင်းသည် ကမ္ဘာတစ်ဝန်းရှိ လူ့အဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၏ ပါဝင်မှုကို ပြသထားပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ လူ့အသိုင်းအဝိုင်းအတွက် အရေးပါမှုကို ကမ္ဘာအနှံ့ အသိအမှတ်ပြုစေကာ အနာဂတ်အတွက် ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်းကိုလည်း အာရုံစိုက်ဖော်ပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့က ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့ကို အမျိုးသားပြတိုက်(ရန်ကုန်)၌ ပထမဆုံးကျင်းပပါသည်။ ယင်းနေ့တွင်“မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ” စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion)နှင့် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ တစ်နှစ် သင်တန်းအမှတ်စဉ် (၂၂)သင်တန်းသား သင်တန်းသူများ၏ သနပ်ခါးပြကွက်၊ ကြိုးကြီးချိတ်ပြကွက်၊ ဆယ့်နှစ်လရာသီပွဲတော်ပြကွက်၊ မြန်မာ့လက်ဖက် နတ်သစ်ရွက်ပြကွက်စသည်ဖြင့် အထူးပြပွဲ လက်တွေ့ခင်းကျင်းပြသခြင်းကိုလည်း ထည့်သွင်းကျင်းပခဲ့ပါသည်။

**၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့**(International Intangible Cultural Heritage Day) **၏ Themeမှာ "Living Heritage is about people ၊resilience၊ and knowledge passed on from generation to generation"**ဖြစ်ပါသည်။

**“ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်ဟူသည် လူသားတို့၏ ဗဟုသုတများအပေါ် အခြေခံသည့် ဖန်တီးမှုများကို ခံနိုင်ရည်ရှိစွာ မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်း သယ်ဆောင်လာသော ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုလိုပါသည်။”**

**တစ်နည်းအားဖြင့်** ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်ဟူသည် ဘိုးဘွားဘီဘင်လက်ထက်မှစ၍ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ မပျောက်ပျက်သွားစေရန် ခံနိုင်ရည်ရှိစွာ ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်းသယ်ဆောင်လာသော လူသားတို့၏ တန်ဖိုးရှိသည့် အသက်မွေးမှုအတွေ့အကြုံများ၊ ဖန်တီးနိုင်စွမ်းများ၊ လက်မှုအတတ်ပညာများ၊ ဗဟုသုတများနှင့် ရိုးရာဓလေ့ထုံးတမ်းများကို ဆိုလိုပါသည်။

“အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့”ကျင်းပရသည့် ရည်ရွယ်ချက်များမှာ–

(က) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအကြောင်းကို ပြည်သူလူထု ပိုမိုသိမြင်နားလည်ပြီး မြတ်နိုးတန်ဖိုးထားတတ်စေရန်အတွက် ပြည်သူလူထုကို အသိပညာမြှင့်တင်ရန်၊

(ခ) မိမိတို့၏ ဘိုးဘွားအမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးသည်ကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန်၊

(ဂ) ထို့ပြင် ထိန်းသိမ်းစောင့်ရှောက်ရုံမျှမကဘဲ မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတကာမှ ပိုမိုသိရှိစေရန် ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ရောက်နိုင်ရန်တို့ ဖြစ်ပါသည်။

### ယဉ်ကျေးမှုအမွေအနှစ်များ ပါဝင်

ယဉ်ကျေးမှုအမွေအနှစ်ဟူသည် ကိုင်တွယ်ထိတွေ့နိုင်သည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် (Tangible Cultural Heritage) နှင့် ကိုင်တွယ်ထိတွေ့မှု မပြုနိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (Intangible Cultural Heritage)ဟူ၍ နှစ်မျိုးရှိပါသည်။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်(Tangible Cultural Heritage)မှာ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ စသည်ဖြင့်ပါဝင်ပြီး ကိုင်တွယ်ထိတွေ့မှုမပြုနိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage)များမှာ လူသားတို့ပြောဆိုသည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်၊ လက်မှုအနုပညာနှင့် အနုသုခုမပညာ စသည့်ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်များ ပါဝင်ပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အဓိပ္ပာယ်ကို ၂၀၀၃ ခုနှစ် “ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း” အပိုဒ်(၂)တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်–

“ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုသည်မှာ လူမှုအသိုက်အဝန်းများ၊ အုပ်စုများနှင့် အချို့ကိစ္စရပ်များတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် သက်ဆိုင်သော ယဉ်ကျေးမှုအမွေအနှစ်များတွင် တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နေသည့် ဓလေ့ထုံးစံများ၊ ကိုယ်စားပြုချက်များ၊ ဖော်ပြချက်များ၊ ဗဟုသုတ၊ စွမ်းရည်များသာမက ၎င်းတို့နှင့် ဆက်နွှယ်သည့် ပစ္စည်းကိရိယာများ၊ အရာဝတ္ထုများ၊ ရှေးဟောင်းပစ္စည်းများနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သောနေရာများကို ဆိုလိုခြင်းဖြစ်သည်။”

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်ရန်အတွက် မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းခဲ့ကြခြင်း (Transmission)၊ ပတ်ဝန်းကျင်တွင် စဉ်ဆက်မပြတ် သစ်လွင်ဆန်းသစ်၍ ရှင်သန်နေခြင်း (Living Heritage)၊ သမိုင်းကြောင်း၊ သဘာဝတို့နှင့် ဆက်စပ်နေခြင်း (Interaction with nature and history)၊ စဉ်ဆက်မပြတ် တစ်သမတ်တည်းရှိနေခြင်း (Identity and continuity)၊ လူတို့၏ ကွဲပြားခြားနားသော ယဉ်ကျေးမှုနှင့် ဖန်တီးတီထွင်မှုတို့ကို အလေးဂရုပြု၍ မြှင့်တင်ပေးခြင်း (Promote respect) စသည့်အချက်များဖြင့် ပြည့်စုံရန် လိုအပ်ပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန်အတွက် စံသတ်မှတ်ချက် (Domain) ၅ ရပ်ရှိပါသည်။ ယင်းတို့မှာ–

(က) ဘာသာစကားများ၊ ပါးစပ်ရာဇဝင်နှင့် နှုတ်ပြောအစဉ်အလာ ဖော်ပြချက်များ၊

(ခ) ဖျော်ဖြေတင်ဆက်မှုအနုပညာများ၊

(ဂ) လူမှုရေးအစဉ်အလာ အလေ့အထများနှင့် ပွဲတော်များ၊ ရိုးရာဓလေ့များ၊

(ဃ) သဘာဝစကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများ၊

(င) ရိုးရာလက်မှုပညာရပ်များ ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းမြှင့်တင်နိုင်ရန်နှင့် ကုလသမဂ္ဂသို့ အမည်စာရင်းများ တင်သွင်းနိုင်ရန်တို့အတွက် “မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် တိုးတက်မြှင့်တင်ရေးကော်မတီ”ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးနောက် မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး၊ ပြည်နယ်

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

အသီးသီးမှ စာရင်းကောက်ယူထားသော Intangible Cultural Heritage Lists ၂၂၈၉ ခုကို အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု မှတ်ပုံတင်စာရင်းပထမအကြိမ်အဖြစ် သတ်မှတ်ထားပြီး ဖြစ်ပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု စာရင်းကောက်ယူမှုပုံစံကို အသုံးပြု၍ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတို့တွင် စာရင်းကောက်ယူမှုမှာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း နယ်ပယ် ငါးခုအလိုက် စုစုပေါင်း ၂၂၈၉ ခု ကောက်ယူပြီးဖြစ်ပါသည်။

| စဉ် | နယ်ပယ် | အရေအတွက် |
|---|---|---|
| ၁။ | ဘာသာစကား၊နှုတ်ပြောအစဉ်အလာများနှင့် ဖော်ပြချက်များစာရင်း | ၁၀၄ |
| ၂။ | ဖျော်ဖြေတင်ဆက်မှု အနုပညာများစာရင်း | ၅၀၆ |
| ၃။ | လူမှုထုံးတမ်းအစဉ်အလာများ၊ ပွဲလမ်းသဘင်များစာရင်း | ၆၅၁ |
| ၄။ | သဘာဝနှင့် လူသားအားလုံးအတွက် သက်ဆိုင်သည့်အသိပညာနှင့်ထုံးစံများစာရင်း | ၁၉၉ |
| ၅။ | ရိုးရာလက်မှုပညာစာရင်း | ၈၂၉ |
| | စုစုပေါင်း | ၂၂၈၉ |

မြန်မာပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှု၏ ရလဒ်အဖြစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၇ ရက်နေ့အထိ ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ကျင်းပသည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာနိုင်ငံမှ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် (19.COM 7.b.50 Myanmar Traditional New Year Ata Thingyan Festival) ကို ပထမဆုံး လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်ရရှိခဲ့ရာ မြန်မာတစ်မျိုးသားလုံး လွန်စွာ ဝမ်းမြောက်ပျော်ရွှင်ကြရပါသည်။ ပြည်သူလူထုအတွင်း လက်ဆင့်ကမ်းလာသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ယူနက်စကို စာရင်းဝင်နိုင်ရေးအတွက် လူမှုအသင်းအဖွဲ့များက ပူးပေါင်းလက်မှတ်ထိုးတင်သွင်းရသဖြင့် Community Participationသည် အဓိကအရေးပါလှပေသည်။

ထို့ပြင် "မြန်မာ့သနပ်ခါး"ကိုလည်း မြန်မာနိုင်ငံမှ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုတွင် တင်သွင်းထားပြီးဖြစ်သလို ဆက်လက်ပြီး မြန်မာ့လက်ဖက်နှင့် မြန်မာ့ကြိုးကြီးချိတ်တို့ကိုလည်း ယူနက်စကိုစာရင်းဝင်နိုင်ရေးအတွက် အစိုးရနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများက ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဂုဏ်ဆောင် အမျိုးသားပြတိုက်နှစ်ခုအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြတိုက်များတွင်လည်း ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြသသည့် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်နေကြပါသည်။

နိုင်ငံသားတိုင်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကို သိရှိပြီး ထိန်းသိမ်းကာကွယ်သွားရန် လိုအပ်သလို ပညာရပ်ဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များကလည်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် အနာဂတ်မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းပညာပေးရန် သမိုင်းပေးတာဝန်တစ်ခုဖြစ်ပါသည်။ ယနေ့နည်းပညာခေတ်တွင် တီထွင်ဆန်းသစ်မှုများနှင့်အတူ မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ လူမှုအသိုက်အဝန်း၏ အင်အားပိုမိုပါဝင်လာရန်၊ မျိုးဆက်သစ်များသို့ စဉ်ဆက်မပြတ် လက်ဆင့်ကမ်းနိုင်ရန် ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ရောက်ပြီး မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာကသိလာရန် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်အဖြစ် တိုက်တွန်းရေးသားရင်း အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

ကိုးကား-
၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊
၂။ ၂၀၀၃ ခုနှစ်၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း
၃။ https://ich.unesco.org/en/home
၄။ https://www.unesco.org › days › intangible-heritage

## နောင်ချိုမြို့နယ်အတွင်း ကြက်ဥစားသုံးမှုဖူလုံစေရေး ကွင်းဆင်းဆောင်ရွက်

**နောင်ချို အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွေးဝင်းနှင့်အတူ ယနေ့ နံနက်ပိုင်းက နောင်ချိုမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်နေပြီ ဖြစ်သော ဥစားကြက်မွေးမြူရေးခြံများသို့ မြို့နယ်အတွင်း ကြက်ဥစားသုံးမှုဖူလုံစေရေး၊ မွေးမြူရေးခြံများ၏ ထုတ်လုပ်မှုမြင့်မားစေရေးနှင့် ကူးစက်ရောဂါများ ကင်းဝေးစေရေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။



နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွေးဝင်းနှင့်အဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် နောင်သခေါကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဒေါ်စုကြားလျန်၏ ဥစားကြက် ၅၂၅၀၀ မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးခြံ၊ နမ့်လင်းခံကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာခင်သီတာကို၏ ဥစားကြက် ၂၅၇၀၀ မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးခြံ၊ နမ့်လင်းခံကျေးရွာရှိ ရွှေကောင်းကင်ကုမ္ပဏီ၏ ဥစားကြက် ၄၆၅၀၀ မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးခြံများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## သက်ကြီးသတင်းစာဆရာကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့မှ ဦးဆောင်ကျင်းပသော အသက် ၇၅ နှစ်အထက် သက်ကြီးသတင်းစာဆရာကြီး ၁၇ ဦးတို့အား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားရှိ သန္တိသုခဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

အဆိုပါပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံသတင်းစာဆရာကြီးများနှင့် အဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားနိုးဆော်ထားပြီး ဦးသန်းဝင်း (သန်လျင်) ဖုန်း ၀၉ -၂၅၀၂၆၆၆၀၉၊ ဦးတင်ဝင်း(ကြည့်မြင်တိုင်)ဖုန်း ၀၉-၇၇၇၆၄၂၆၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## မြောင်းမြမြို့ သူနာပြုသင်တန်းကျောင်း၌ မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့သရုပ်ပြ

**မြောင်းမြ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ သူနာပြုသင်တန်းကျောင်း၌ မြောင်းမြခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သူနာပြုသင်တန်းသား သင်တန်းသူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုပြီး အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ယမန်နေ့က သူနာပြုသင်တန်းကျောင်း အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းစိုးက မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ သိကောင်းစရာများနှင့် မဲပေးစက် အသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ပြောကြားကာ မြောင်းမြသူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများက လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များ တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန် မမှန် စစ်ဆေးခြင်းများ လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

## ယာယီနေရပ်စွန့်ခွာပြည်သူများအား မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**ကသာ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းအမည် ထည့်သွင်းရန် ကျန်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား မဲစာရင်းတွင် ပါရှိနိုင်ရန်အတွက် ယနေ့ နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ပြုလုပ်ဆောင်ရွက်ပေးသည်။



ခရိုင်/မြို့နယ် အထွေထွေရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများ၌ (ပထမအကြိမ်) မဲဆန္ဒရှင်မဲစာရင်းတွင် ထည့်သွင်းဖော်ပြခံရခြင်း မရှိခဲ့သည့် ဒေသခံပြည်သူများ၊ ယာယီနေရပ်စွန့်ခွာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များအား ပုံစံ(၃)၊ ပုံစံ(၃-က)၊ ပုံစံ(၁၅)တို့ဖြင့် လာရောက် လျှောက်ထားသူများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**



ရန်ကုန်တိုင်းဒေသကြီး တံတားမြို့ စစ်တန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၇ ရက်က တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ရာတွင် တံတားမြို့ တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဦးအောင်ဟိန်းသူက ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးပြီး အထွေထွေရောဂါဖြစ်ပွားကြသော ကျေးရွာအတွင်းရှိ အမျိုးသားလူနာ ၁၃ ဦး၊ အမျိုးသမီးလူနာ ၁၉ ဦး စုစုပေါင်း ၃၂ ဦးတို့အား တိုင်းရင်းဆေးပညာဖြင့် ကြပ်ထုပ်ထိုးခြင်း၊ ဆေးစည်းခြင်း၊ ဆေးကပ်ခြင်းနှင့် သောက်ဆေးများပေးခြင်းကို ဆောင်ရွက်ပေးစဉ်။ ကျော်ဆန်း

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပါရီမြို့လူဗာပြတိုက်မှ နပိုလီယန်နှင့် မိဖုရားတို့ စုဆောင်းထားသည့် ရတနာပစ္စည်း ကိုးခု အခိုးခံရ



**ပါရီ အောက်တိုဘာ ၁၉**

ပါရီမြို့ရှိ လူဗာပြတိုက်ကို အောက်တိုဘာ ၁၉ ရက်က အထူးအကြောင်းပြချက်ဖြင့် ပြည်သူများအား ယာယီပိတ်ထားကြောင်း ပြင်သစ်အာဏာပိုင်များက ကြေညာခဲ့သည်။

သမိုင်းတန်ဖိုးကြီးမားသည့် ရတနာပစ္စည်းများ အခိုးခံရသည့်အတွက် ပြတိုက်ကို ယာယီပိတ်ထားခြင်းဖြစ်ပြီး အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။

ကနဦး သတင်းများအရ မျက်နှာဖုံးတပ်ဆင်ထားသည့် ပြစ်မှုကျူးလွန်သူများသည် ပြင်ဆင်နေဆဲ ဧရိယာမှ တစ်ဆင့် ပြတိုက်အတွင်းသို့ ဝင်ရောက်ကာ ပစ်မှတ်ထားသည့် အခန်းသို့ ဝင်ရောက်ခဲ့သည်ဟု သိရသည်။

ခိုးယူခံရသည့် ရှေးဟောင်းပစ္စည်းများသည် တန်ဖိုးဖြတ်၍ မရနိုင်သော ရှေးဟောင်းအမွေအနှစ်များဖြစ်သည်ဟု ပြင်သစ်နိုင်ငံ၏ ပြည်ထဲရေးဝန်ကြီး လော်ရင့်နူးနက်ဇ်က ပြောသည်။ ပါရီရဲဌာနမှ စုံစမ်းစစ်ဆေးသူများသည် အဆိုပါဆိုက်နေရာကို ပိတ်ထားပြီး နည်းပညာပိုင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်။

လူဗာပြတိုက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့သည် ခိုးယူခံရသည့် ပစ္စည်းများစာရင်းကို အသေးစိတ်ပြုစုထားပြီး တန်ဖိုးဖြတ်လျက်ရှိသည်။ နပိုလီယန်နှင့်မိဖုရားတို့ စုဆောင်းထားသည့် ရတနာပစ္စည်း ကိုးခုကို ခိုးယူသွားခြင်းဖြစ်ပြီး ခိုးယူသူ သုံးဦး သို့မဟုတ် လေးဦး ဖြစ်နိုင်သည်ဟု ဒေသခံမီဒီယာတွင် ဖော်ပြထားသည်။

ရတနာပစ္စည်း အပိုင်းအစတစ်ခုကို လူဗာပြတိုက်အနီး၌ တွေ့ရှိခဲ့ပြီး မှောင်ခိုလောကသားများသည် အနုပညာလက်ရာများကို ပစ်မှတ်ထားလာကြကာ ပြတိုက်များသည် ၎င်းတို့၏ ပစ်မှတ်များ ဖြစ်လာကြသည်ဟု ယဉ်ကျေးမှုဝန်ကြီး ရစ်ချီဒါဒါတီက ရုပ်သံဌာနသို့ ပြောသည်။

ပြည်သူများထံမှ အချက်အလက်များ ရရှိရန် ရဲတပ်ဖွဲ့က အကူအညီတောင်းခံထားပြီး ပြတိုက်ပြန်လည်ဖွင့်လှစ်မည့် နေ့ကို ကြေညာထားခြင်း မရှိချေ။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်းဖန်ရှုန်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ရှစ်ဦးသေ၊ နှစ်ဦးပျောက်ဆုံး

**မနီလာ အောက်တိုဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံအတွင်း ပြင်းထန် အပူပိုင်းမုန်တိုင်း ဖန်ရှုန်း ဝင်ရောက် တိုက်ခတ်မှုကြောင့် ရှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း ပြည်သူ့ကာကွယ်ရေးရုံး (OCD) က ပြောကြားသည်။

**သစ်ပင်အောက်ပိမိကာ လူငါးဦးသေဆုံး**

မနီလာ၏ အရှေ့တောင်ဘက် ကွီဇွန်ပြည်နယ် ပီတိုဂိုမြို့၌ လမ်းပေါ်လဲကျသည့် သစ်ပင်အောက် ပိမိကာ လူငါးဦးသေဆုံးခဲ့ပြီး ဖိလစ်ပိုင်အလယ်ပိုင်းရှိ ဗီဆာရာ့စ် အနောက်ဗီစာရက်စ် ဒေသ၌ အခြားသုံးဦး သေဆုံးခဲ့ကြောင်း အဆိုပါရုံးမှပြောရေးဆိုခွင့်ရှိသူ ဂျူနီကက်စ်စတီလိုက ပြောကြားသည်။

**ပျောက်ဆုံးနေသူ နှစ်ဦးအား ရှာဖွေ**

ထို့အတူ ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဘူကက်နွန်ပြည်နယ် ကွီဇွန်မြို့နယ်၌ ဖြစ်ပွားခဲ့သည့် မြေပြိုမှုတစ်ခုတွင် ပျောက်ဆုံးနေသူ နှစ်ဦးကိုလည်း ရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း ၎င်းကပြောကြားသည်။

**လူဦးရေ ၂၂၀၀၀ ခန့် ဘေးလွတ်ရာ ရွှေ့ပြောင်း**

ဖန်ရှုန်း မုန်တိုင်းကြောင့် ဖိလစ်ပိုင် တစ်နိုင်ငံလုံးတွင် အိမ်ထောင်စု ၁၅၀၀၀ ခန့် ထိခိုက်ခဲ့ပြီး လူဦးရေ ၂၂၀၀၀ ခန့် ဘေးလွတ်ရာ ရွှေ့ပြောင်း ခိုလှုံခဲ့ရကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

အဆိုပါ မုန်တိုင်းကြောင့် အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ရေကြီးမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ကက်စ်စတီလိုက ပြောကြားသည်။

ဖန်ရှုန်း မုန်တိုင်းသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်မှ ထွက်ခွာမည်ဟု ဖိလစ်ပိုင် မိုးလေဝသဌာနက ခန့်မှန်းထားသည်။ ဆင်ဟွာ

## ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာ မိသားစုများကိုကူညီရန် အာဖဂန်အစိုးရ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**ကဘူးလ် အောက်တိုဘာ ၁၉**

အာဖဂန်ဒုက္ခသည်များနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပ အဓိကအကူညီပေးရေး အေဂျင်စီများနှင့် နားလည်မှုစာချွန်လွှာခြောက်ခု လက်မှတ်ရေးထိုးခဲ့သည်ဟု ဝန်ကြီးဌာနက အောက်တိုဘာ ၁၉ ရက်တွင် ပြောသည်။

နေရပ်ပြန်ဒုက္ခသည်များနှင့် ပြည်တွင်း၌ နေရပ်စွန့်ခွာသူများကို ကူညီရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ သန်း ခွဲဝေပေးမည်ဖြစ်ပြီး မိသားစုပေါင်း ၆၉၄၇ စုကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။

အဆိုပါ ရန်ပုံငွေဖြင့် နေရာထိုင်ခင်းများ ဆောက်လုပ်ခြင်း၊ ငွေကြေးအကူအညီများပေးခြင်းနှင့် အစားအသောက်၊ ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်တို့တွင် ကူညီပေးသွားမည်ဟု သိရသည်။

ဆင်ဟွာ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ လေဆိပ်မီးလောင်မှုအပြီး လေကြောင်းခရီးစဉ်များအတွက် သုံးရက်ကြာ ဝန်ဆောင်ခ ကင်းလွတ်ခွင့်ပြု



**ဒါကာ အောက်တိုဘာ ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိက အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးတွင် လာမည့်သုံးရက်အတွင်း ကြိုတင်စီစဉ်ထားခြင်း မဟုတ်သည့် လေကြောင်းခရီးစဉ် အားလုံးအတွက် ဝန်ဆောင်ခ ကုန်ကျစရိတ်များ ကင်းလွတ်ခွင့်ပြုရန် အောက်တိုဘာ ၁၉ ရက်က ကြေညာလိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟာဇရတ် ရှာဂျလာလ် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ကုန်တင်ကုန်ချ ပြုလုပ်သည့် နေရာတွင် ဖြစ်ပွားခဲ့သော ပြင်းထန်သည့်မီးလောင်မှုကြောင့် လေယာဉ်ခရီးစဉ် ၂၁ ခုခန့် ခရီးစဉ်ပြောင်းလဲခြင်းနှင့် ခရီးစဉ်ပယ်ဖျက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် လေကြောင်းပို့ဆောင်ရေးနှင့်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၏ အကြံပေးဖြစ်သူ ရှိက်ဘာရှီရ် အူဒင်က ပြောကြားသည်။

အောက်တိုဘာ ၁၈ ရက်ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုအပြီး ယင်းနေ့ည ၉ နာရီတွင် လေဆိပ်လုပ်ငန်းများ ပြန်လည်စတင်ရန် လုပ်ဆောင်နိုင်ခဲ့ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ စုစုပေါင်းငွေကြေးဆုံးရှုံးမှုပမာဏကို သိရှိနိုင်ရန် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ထားသည်။ ဆင်ဟွာ

## ဒိုဟာဆွေးနွေးမှုအတွင်း ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ အမြန်ဆုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန် သဘောတူ

**ဒိုဟာ အောက်တိုဘာ ၁၉**

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် ကာတာနိုင်ငံ၏ မြို့တော် ဒိုဟာမြို့၌ ပြုလုပ်သည့် ညှိနှိုင်းဆွေးနွေးမှုအတွင်း ပစ်ခတ်တိုက်ခိုက်မှု အမြန်ဆုံးရပ်စဲရန် သဘောတူခဲ့ကြကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ကာတာနှင့် တူကီယဲနိုင်ငံတို့က ကြားဝင်ညှိနှိုင်းမှုဖြင့် ပြုလုပ်သော အဆိုပါဆွေးနွေးပွဲက နှစ်ဖက်ရန်လိုမှုများအား အဆုံးသတ်ရေးနှင့် ပတ်သက်ပြီး သဘောတူညီချက်တစ်ရပ် ရရှိစေခဲ့ကြောင်း၊ အိမ်နီးချင်းနှစ်နိုင်ငံအကြား ရေရှည်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို မြှင့်တင်ရန် ရည်ရွယ်သည့်နည်းလမ်းများ ရှာဖွေရေးအတွက်လည်း သဘောတူညီချက်ရရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် အပစ်အခတ်ရပ်စဲမှုကို ကာလရှည်တည်တံ့စေရေးအတွက် လာမည့်ရက်များအတွင်း နောက်ဆက်တွဲအစည်းအဝေးများလည်း ကျင်းပရန် သဘောတူခဲ့ကြကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုလုပ်ဆောင်မှုက ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံအကြား နယ်စပ်တင်းမာမှုများကို လျှော့ချရန် ကူညီပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံပိုင်ပစ္စည်းများ စာရင်းကောက်ယူမည်

**ဟန္နိုင်း အောက်တိုဘာ ၁၉**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးရှိ နိုင်ငံပိုင်ပစ္စည်းအားလုံး စာရင်းကောက်ယူမှုကို စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဗီဗီအယ်လ်ဒေသတွင်း သတင်းစာက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်သို့ ဝင်ရောက်လာသည်နှင့်အမျှ ပြည်သူပိုင်ပစ္စည်းများ စီမံခန့်ခွဲမှုကို ခေတ်မီတိုးတက်စေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု မြှင့်တင်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းတွင်ဖော်ပြသည်။

အဆိုပါ စာရင်းကောက်ယူမှုတွင် အစိုးရအေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံပိုင်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများမှ စီမံခန့်ခွဲသည့်ပစ္စည်းအားလုံး ပါဝင်မည်ဖြစ်သည်။ စာရင်းကောက်ယူရရှိလာမည့် အချက်အလက်များ အရင်းအမြစ်ခွဲဝေမှုကို အချိုးကျဖြစ်စေရန်၊ ပစ္စည်းအသုံးချမှုစနစ်ကို မြှင့်တင်ရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးရေးဗျူဟာများကို ပံ့ပိုးရန်အတွက် အခြေခံအချက်အလက်များအဖြစ် အသုံးပြုမည်ဖြစ်သည်။

ဆင်ဟွာ

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



**ရန်ကုန် အောက်တိုဘာ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr. Evgeny Grigoryev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူ ကျောင်းသား ကျောင်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။


ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လေဆိပ်ဧည့်ခန်းမ၌ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌထံ မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဆောင်ရွက်ခဲ့သည့် ခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်နှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများ၏ ပို့ကုန်/သွင်းကုန်အစားအစာလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းဆိုင်ရာ ညီလာခံတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှန်ဟိုင်းမြို့၌ အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများအကြား အစားအစာနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ကုန်သွယ်မှုကဏ္ဍတွင် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန် "Deepen Cooperation Mechanism, Promote Agrifood Trade" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။



အဆိုပါ ညီလာခံကို ပို့ကုန်၊ သွင်းကုန် အစားအစာဘေးကင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုမူဘောင်အောက်၌ နည်းလမ်းများ အပြန်အလှန် ဖလှယ်နိုင်ရန်၊ အစားအစာနှင့် စိုက်ပျိုးရေးထုတ်ကုန်များနှင့်စပ်လျဉ်း၍ မူဝါဒပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ ဆက်သွယ် ချိတ်ဆက်ရေးနှင့် လေ့လာရေးခရီးစဉ်များမှ တစ်ဆင့် အတွေ့အကြုံများ မျှဝေနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ညီလာခံဖွင့်ပွဲတွင် ရှန်ဟိုင်းမြူနီစီပယ်အစိုးရအကြီးအကဲက အဖွင့်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲနှင့် ဖိုရမ်များ ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်က "Myanmar's Import & Export Food Safety Cooper–ation under the Belt and Road Initiative" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

ညီလာခံသို့ တောင်အာဖရိကနိုင်ငံ၊ ဘိုလီဗီးယားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဥဇဘတ်ကစ္စတန်နိုင်ငံ၊ ယီမင်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တက်ရောက်လာကြသူများသည် အစည်းအဝေးအပြီးတွင် ရှန်ဟိုင်းမြို့ရှိ Waigaoqiao Global Hub၊ Pudong New Area Enterprise၊ Shanghai Customs Building ရှိ "2025 Shanghai Urban Space Art Exhibition" နှင့် Shanghai Yu Garden တို့ကို လေ့လာရေးခရီးသွားရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် မွန်ပြည်နယ်အတွင်းရှိ လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ဒိုက်ဦး–စစ်တောင်းလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ဘုရားကြီး–ကျိုက်ထို – သထုံ – မော်လမြိုင် လမ်းပိုင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်ဆောက်လုပ်ရေးဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် ရွှေသံလွင်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ဘုရားကြီး – ကျိုက်ထို–သထုံ – မော်လမြိုင်လမ်းပိုင်း သပြေကန်ခြေစိုက်စခန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ကုမ္ပဏီမှ တာဝန်ရှိသူက ပြုပြင်ထိန်းသိမ်းခြင်းနှင့် တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တံတားများ တိုးချဲ့ခြင်း၊ နိုင်ငံတော်သို့ အခွန်နှင့် ကြီးကြပ်ငွေ ပေးသွင်းထားရှိမှု စသည်တို့ကို ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။



တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပဲခူး–ညောင်လေးပင် လမ်းပိုင်းသည် ပြည်ထောင်စုလမ်းမကြီး ဖြစ်ပြီး ကုန်စည်စီးဆင်းမှုအတွက် အရေးပါသော လမ်းတစ်လမ်းဖြစ်သည့်အတွက် စာချုပ်ပါစည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ အဆင့်မြှင့်တင် ဆောင်ရွက်မှုပြုလုပ်ရမည်ဖြစ်ကြောင်း၊ ဘုရားကြီး – ကျိုက်ထို– မော်လမြိုင်လမ်းသည်လည်း ခရီးသွားလာရေး ကဏ္ဍဖွံ့ဖြိုးရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးတွင် အရေးပါသော လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ပွင့်လင်းရာသီရောက်ပြီဖြစ်သည့်အတွက် ခရီးသွားများ၊ ဘုရားဖူးများ တိုးတက်များပြားလာမည် ဖြစ်သည့်အတွက် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်လုံခြုံစွာ သွားလာနိုင်ရေးအတွက် လမ်းအပိုင်းများမှာ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ ကောင်းမွန်ပြီး လမ်းများကိုလည်း မပျက်စီးအောင် ဆက်လက်ထိန်းသိမ်းပေးစေလိုကြောင်း၊ ယခု ၃၆ ပေ ပြီးစီးနေ၍ ဆက်လက်ပြီး ၄၈ ပေ ချဲ့၍ရသော လမ်းပိုင်း ဆောင်ရွက်ပေးရန်၊ တံတားများ တိုးချဲ့ရန်နှင့် ယခုကဲ့သို့ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်လာပါက ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာဖြင့် လိုရာခရီးကို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အရှေ့–အနောက် စီးပွားရေး စင်္ကြံလမ်းမကြီးအပိုင်းတွင်ပါဝင်သည့် ကျိုက်ထိုမြို့ရှောင်လမ်း 1.2km–1.7km အထိ 0.5km အား 14.63m အကျယ်ရရှိအောင် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လေးလမ်းသွား လမ်းသစ်ဖြစ်ရန် လမ်းအင်္ဂါရပ်နှင့်အညီ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်သားမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းသရုပ်ပြ

**မြစ်သား အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သီလင်ကျေးရွာအုပ်စု ခန္တီးလေးကျေးရွာ ကွင်းအမှတ် (၄၅၅) တောင်သူ ဦးအောင်ကျော်စိုး၏ ငါးဧကစိုက် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး အောင်နိုင်တိုးစပါး စိုက်ခင်းတွင် မြေဩဇာ ၃:၁ ရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို စိုက်ပျိုးရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက အဆိုပါစံပြကွက်စိုက်ကွင်းတွင် ကွင်းသရုပ်ပြ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဦးစွာ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က မိုးစပါးပန်းတိုင် အထွက်နှုန်း ရရှိရေးအတွက် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်တက္ကသိုလ် ၂၀၂၅ ပညာသင်နှစ် ပထဝီဝင်မိသားစု၏ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ တက်ရောက်ချီးမြှင့်

**လွိုင်ကော် အောက်တိုဘာ ၁၉**

လွိုင်ကော်တက္ကသိုလ် ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ စတင်ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ အဝေးသင် သင်တန်း ပထဝီဝင်မိသားစု၏ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်တက္ကသိုလ်



ပင်မဆောင် ကိန္နရာခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ လွိုင်ကော်တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လွိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား ပထဝီဝင်ဌာန ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် ဆီမီး ထွန်းညှိ ပူဇော်ကန်တော့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြား၍ အာစရိယပူဇော်ပွဲနှင့် မောင်မယ် သစ်လွင်ကြိုဆိုပွဲအတွက် ချီးမြှင့်ငွေပေးအပ်ရာ ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်နှစ်ဦးက လက်ခံယူကာ ကန်တော့ခံပုဂ္ဂိုလ်များအား ကျောင်းသား ကျောင်းသူများက ကန်တော့ချီးဖြင့် ဂါရဝလက်ဆောင် ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် လွိုင်ကော်တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာမင်းသောင်က ကျောင်းသား ကျောင်းသူများအား ဆုံးမစကားပြောကြားပြီး ပထဝီဝင်စတုတ္ထနှစ် ကျောင်းသားတစ်ဦးက ကြိုဆိုနှုတ်ဆက်စကားပြောကြားကာ ပထမနှစ် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြား သည်။

လွိုင်ကော်တက္ကသိုလ် အဝေးသင်သင်တန်းများ (ဒုတိယအသုတ်)ကို အောက်တိုဘာ ၁၃ ရက်မှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဥပဒေ ပညာ ဘာသာရပ်များတွင် ယနေ့အထိ ကျောင်းသား ကျောင်းသူ ၃၆၅ ဦး တက်ရောက် သင်ကြားလျက် ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ ပြည်ပလေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပ လေ့လာရေးခရီးစဉ် စေလွှတ်ခဲ့ သည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦး နှင့် အုပ်ချုပ်သူများသည် ယမန် နေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ Samut Prakan ခရိုင်ရှိ Ancient City တွင် ထိုင်းနိုင်ငံ၏သမိုင်းနှင့်ယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာ ကြည့်ရှုပြီး MBK Shopping Center တွင် ဈေးဝယ်လေ့လာကာ နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် Madame Tussauds Museum တွင် ကမ္ဘာ ကျော်ပုဂ္ဂိုလ်များ၏ ဖယောင်း ရုပ်ပုံတူများကို ကြည့်ရှုလေ့လာ ကာ အမှတ်တရဓာတ်ပုံရိုက်ကြပြီး Siam Ocean World ၌ ပင်လယ် ရေအောက် သတ္တဝါများကို လက်တွေ့လေ့လာ ကြည့်ရှုကြ သည်။ ညနေပိုင်းတွင် Chatuchak Weekend Market သို့ ရောက်ရှိ ကာ ဈေးဝယ်လေ့လာကြသည်။

ယနေ့နံနက်ပိုင်းတွင် ထိုင်း နိုင်ငံ ဗန်ကောက်မြို့ရှိ Arun ဘုရားနှင့် မြဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး Queen Strikit Museum of Textile သို့ ရောက်ရှိကာ ထိုင်းဘုရင်များ၏ ခေတ်အဆက်ဆက် ဖွံ့ဖြိုး တိုးတက်လာသည့် အထည်လိပ် အနုပညာတို့ကို ကြည့်ရှုလေ့လာခဲ့ ကြသည်။

ဆက်လက်၍ Bangkok National Museum တွင် ထိုင်း နိုင်ငံ၏ ရှေးဟောင်းအနုပညာ လက်ရာများနှင့် သမိုင်းဝင် အထောက်အထားများကို လေ့လာ ခဲ့ကြပြီး ညပိုင်းတွင် လေကြောင်း ခရီးဖြင့် ပြန်လည်ထွက်ခွာ၍ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ ကြသည်။



၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ထူးချွန် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ဂုဏ်ပြုသည့် အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေး ဝန်ကြီးဌာနက ပြည်ပနိုင်ငံအတွေ့ အကြုံကောင်းများရရှိရေး၊ နိုင်ငံ ချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန် ထက်မြက်စေရေးအတွက် စီစဉ် ပို့ဆောင်ပေးခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိ ရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက် ရှိ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိ စေရန် စာသင်ကျောင်းများ အမြန် ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေး ကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင် ရေးအတွက် ယနေ့တွင် တပ်မတော် သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ စုပေါင်း သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ သော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများအတွက် အလှူရှင်များ က လှူဒါန်းသော ဒံပေါက်၊ ရေသန့် ဘူးများနှင့် အချိုရည်များကို တာဝန်ရှိသူများက လက်ဝယ်



အရောက် ပေးအပ်လှူဒါန်းပေးကြ သည်။

ထို့ပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ရှမ်း ပြည်နယ်အစိုးရအဖွဲ့ သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီး ဌာနက လှူဒါန်းသည့် ဆန်အိတ် ၅၀၀၊ ဆီ ပိဿာ ၁၀၀၀၊ ပဲ ပိဿာ ၆၀၀နှင့် ဆားပိဿာ ၅၀၀ တို့သည် ယနေ့တွင် သီပေါမြို့သို့ ထပ်မံ ရောက်ရှိခဲ့ပြီး အဆိုပါ စားသောက် ကုန်များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် ဆက်လက် ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင် များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုရီးယား - မြန်မာ ပူးပေါင်းရိုက်ကူးထုတ်လုပ်မည့် လူငယ်ဒရာမာရုပ်သံ ဇာတ်လမ်းတွဲနှင့် အားကစားအစီအစဉ်တို့အတွက် သရုပ်ဆောင်ရွေးချယ်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၉**

ကိုရီးယား-မြန်မာ ပူးပေါင်းရိုက်ကူးထုတ်လုပ်မည့် လူငယ်ဒရာမာရုပ်သံဇာတ်လမ်းတွဲနှင့် အားကစား အစီအစဉ်(All PASS DRAMA & Sports Game) တို့ အတွက် သရုပ်ဆောင်ရွေးချယ်ပွဲ (Audition)ကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့ရုပ်မြင်သံကြားတွင် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက နှစ်ကြိမ်ခွဲ၍ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှ အသက် ၁၈ နှစ် မှ ၃၀ နှစ်အကြား ရွေကြိုအနုပညာရှင် သရုပ်ဆောင် များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူ လူငယ်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ Audition သို့ ကိုရီးယားနိုင်ငံမှဇာတ်လမ်း ရိုက်ကူးမည့် ဒါရိုက်တာ Mr. GYE, YOON SIK၊ Sidus HQ Entertainment Company ဥက္ကဋ္ဌ Mr. CHUNG HOONKWANG၊ ကိုရီးယားရုပ်သံ ကုမ္ပဏီ KK Media မှ ဒါရိုက်တာ နှစ်ဦး စုစုပေါင်း လေးဦးတို့က အကဲဖြတ် ဒိုင်များအဖြစ် ဆောင်ရွက်ခဲ့ကြပြီး ဒုတိယနေ့ Audition သို့ မြန်မာနိုင်ငံမှ လူငယ်အမျိုးသား အမျိုးသမီး စုစုပေါင်း ၂၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုကဲ့သို့ Audition အားကိုရီးယားနိုင်ငံတွင်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့ရာ လူငယ်အမျိုးသား အမျိုးသမီး စုစုပေါင်း ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံတွင်လည်း အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် Audition နှစ်ရက်ခွဲ၍ ပြုလုပ်ရာ လူငယ်အမျိုးသား အမျိုးသမီး စုစုပေါင်း ၄၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြ ကြောင်း သိရသည်။

ကိုရီးယား-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၅၀) ပြည့်မြောက်မှုအား ဂုဏ်ပြုသောအားဖြင့် ကိုရီးယား-မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်နိုင်ရန်၊ နှစ်နိုင်ငံတို့မှ လူငယ်ပရိသတ်များ အရည်အချင်း တိုးတက်လာစေရန်နှင့် စိတ်ခွန်အားပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ကိုရီးယားနှင့် မြန်မာနိုင်ငံတို့မှ လူငယ်သရုပ်ဆောင်များအား အဓိကသရုပ်ဆောင်နှင့် ဇာတ်ပို့/ဇာတ်ရန်များခွဲခြား၍ စိစစ်ရွေးချယ်ခြင်း ဖြစ်သည်။

ယင်းရုပ်သံဇာတ်လမ်းတွဲအား ကိုရီးယားနှင့် မြန်မာနိုင်ငံတို့တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာ လများ၌ အပြန်အလှန်သွားရောက်၍ ပူးပေါင်း ရိုက်ကူးကြမည်ဖြစ်ပြီး Sports Game ရုပ်သံအစီအစဉ် ကိုလည်း ကိုရီးယားဒါရိုက်တာဖြင့် နေပြည်တော်တွင် Indoor/Outdoor ခွဲခြားကာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ လဆန်းတွင် စတက်ရိုက်ကူးမည်ဖြစ်ကာ ၂၀၂၆ ခုနှစ် မတ်လအပြီး ထုတ်လုပ်ပြသနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် ကိုရီးယားနိုင်ငံ KK Media Co., Ltd. တို့ပူးပေါင်း၍ ခွဲဝေကျခံကာ ရိုက်ကူးထုတ်လုပ် ပြသသွားမည်ဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ခြောက်ခု၌ လေးလတာကာလအတွင်း ကြိုးကြာခေါင်းနီငှက်သိုက် ၆၀ ကျော် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့

ရန်ကုန် အောက်တိုဘာ ၁၉

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်ခု၌ ကြိုးကြာခေါင်းနီ ငှက်သားပေါက်ရာသီ ဖြစ်သော ယခုနှစ် ဇူလိုင်လအတွင်းမှအစပြု၍ လက်ရှိကာလအထိ လေးလအတွင်း ကြိုးကြာခေါင်းနီငှက်သိုက် ၆၀ ကျော် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။**



ကြိုးကြာခေါင်းနီငှက်များ၏ ကောင်ရေ၊ သားပေါက်မှုအခြေအနေ၊ နေထိုင်ကျက်စားရာနေရာများ အစရှိသည်တို့ကို ဧရာဝတီတိုင်းဒေသကြီး အတွင်း ၂၀၁၅ ခုနှစ်မှစတင်၍ ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် သက်ဆိုင်ရာအဖွဲ့အစည်း များက ကွင်းဆင်းလေ့လာရေးလုပ်ငန်းနှင့် ထိန်းသိမ်း ရေးလုပ်ငန်းများကို နှစ်စဉ်လုပ်ဆောင်လျက်ရှိရာ ယခုလို ကြိုးကြာခေါင်းနီငှက်သိုက်များကို ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကြိုးကြာခေါင်းနီငှက်သိုက် များကို မအူပင်၊ ပန်းတနော်၊ အိမ်မဲ၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်းနှင့် ဝါးခယ်မမြို့နယ်တို့၌ တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြိုးကြာ ခေါင်းနီငှက်များသည် မြန်မာနိုင်ငံ တွင် တွေ့ရှိရသော ဌာနေငှက်မျိုးစိတ်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်း ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တွေ့ရှိရကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သဘာဝရေဝပ်ဒေသများနှင့် ရေနက်ကွင်းစပါး စိုက်ခင်းများတွင် အများဆုံးတွေ့ရှိရကြောင်း၊ ဥဩ သားပေါက်သည့်ရာသီ မကျရောက်ခင် ဒီဇင်ဘာလမှ ဇွန်လခန့်အထိ အုပ်စုဖွဲ့နေထိုင်ကြပြီး ဇူလိုင်လဆန်း ခန့်မှစ၍ ဥဩသားပေါက်ရန်အတွက် အုပ်စုအတွင်းမှ ကြိုးကြာစုံတွဲများသည် ခွဲထွက်လာပြီး နယ်ပယ်များ သတ်မှတ်၍ မိမိတို့ သက်ဆိုင်ရာနယ်ပယ်များ အတွင်း အသိုက်များဆောက်လုပ်ကာ ဥဩ



သားပေါက်ကြကြောင်း၊ အသိုက်များကို စပါးကွင်း များနှင့် သဘာဝရေဝပ်ဒေသများအနီးရှိ မြက်ရိုင်း တောများတွင် ပြုလုပ်လေ့ရှိကြကာ ဥဥပြီး ရက် ၃၀ ခန့်အကြာတွင် သားပေါက်ကြကြောင်း ကွင်းဆင်း လေ့လာရေးလုပ်ငန်းနှင့် ထိန်းသိမ်းရေးလုပ်ငန်း လုပ်ဆောင်နေသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

### ကြိုးကြာခေါင်းနီငှက်များအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သဘာဝ ရေဝပ်ဒေသများနှင့် ရေနက်ကွင်းစပါးစိုက်ခင်း များသည် ကြိုးကြာခေါင်းနီငှက်များအတွက် အလွန် အရေးပါသော စားကျက်နှင့်သားပေါက်ရာနေရာများ ဖြစ်ပြီး ယခုအခါ အဆိုပါနေရာများမှာ လယ်ယာမြေ ချဲ့ထွင်ခြင်း၊ ငါးကန်များတူးဖော်ခြင်း စသည့် အကြောင်းရင်းများကြောင့် တဖြည်းဖြည်း ကျဉ်းမြောင်းလာလျက်ရှိသကဲ့သို့ ကြိုးကြာဥများနှင့် အကောင်ပေါက်ကလေးများမှာလည်း အိမ်မွေး တိရစ္ဆာန်များ၏ ဖမ်းယူစားသောက်ခြင်း၊ သဘာဝ တောရိုင်းတိရစ္ဆာန်များ၏ ဖမ်းယူစားသောက်ခြင်း၊ ဒေသခံများ၏ အိမ်မွေးတိရစ္ဆာန်အဖြစ် ဖမ်းဆီး ယူဆောင်ခံရခြင်းတို့ကြောင့် ကြိုးကြာခေါင်းနီငှက် များ ရေရှည်ရပ်တည်ရှင်သန်နိုင်ရန်အတွက် စိန်ခေါ် မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် ဝိုင်းဝန်း ပူးပေါင်းထိန်းသိမ်းကြမှသာ အဆိုပါငှက်များ၏ ရေရှည်ရှင်သန်နိုင်ရေးနှင့် ၎င်းတို့၏ နေထိုင် ကျက်စားရာနေရာများ မပျောက်ကွယ်စေရေး ဆောင်ရွက်ရာတွင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း ကွင်းဆင်းလေ့လာရေးလုပ်ငန်းနှင့် ထိန်းသိမ်းရေး လုပ်ငန်းလုပ်ဆောင်နေသူ ပညာရှင်တစ်ဦးထံမှ သိရသည်။

ကြိုးကြာခေါင်းနီငှက် (Sarus Crane Grus antigone) သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့(IUCN)၏ Red List အရ မျိုးသုဉ်းရန်အန္တရာယ် ကျရောက်နိုင်သော မျိုးစိတ်(Vulnerable)ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ကြိုးကြာခေါင်းနီများ ကောင်ရေ ၄၀၀ ကျော် တွေ့ရှိရသည်ဟု ခန့်မှန်းထား ကြောင်း သိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့်အစီအစဉ် အသိပညာပေးဟောပြော

**မိုင်းရယ် အောက်တိုဘာ ၁၉**

မိုင်းရယ်မြို့၌ လူမှုဝန်ထမ်းဦးစီး ဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း ၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များ အား ငွေကြေးထောက်ပံ့သည့် အစီအစဉ်(MCCT)ရည်ရွယ်ချက် ဆိုင်ရာ အသိပညာပေး ဟောပြော ခြင်းကို အောက်တိုဘာ ၁၇ ရက် က လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည်။



ထိုသို့ ပြုလုပ်ရာတွင် လူမှု ဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိသဥ္ဇာဖြိုးက ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးသူငယ်များ အား ငွေကြေးထောက်ပံ့ရာတွင် လိုအပ်သည့် အထောက်အထား၊ ထောက်ပံ့သည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်း ရေးမှူး ဒေါ်ဥမ္မာလှိုင်က အမျိုး သမီးများ ကိုယ်ဝန်ဆောင်မိခင်တို့ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု အကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒေါ်ကေခိုင်နှင်းက ကိုယ်ဝန် ဆောင်မိခင်များ မီးဖွားချိန် ပြင်ဆင်ရန် လိုအပ်ချက် အကြောင်း၊ လူမှုဝန်ထမ်းဦးစီး ဌာန မြို့နယ်ဦးစီးမှူးက ကိုယ်ဝန်ဆောင်များ လက်ဆေး ခြင်းနှင့် သွားနှင့်ခံတွင်းသန့်ရှင်း ရေးလုပ်ဆောင်ရန် အချက်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာလာက ကိုယ်ဝန်ဆောင် မိခင်များ သတိပြုရှောင်ရှားရမည့် စားသောက်မှုပုံစံတို့ကို ဆွေးနွေး ပြောကြားသည်။ အဆိုပါ အသိပညာပေး ဟောပြောရာသို့ ကိုယ်ဝန်ဆောင် မိခင်များနှင့် အမျိုးသမီး ၃၀ တက်ရောက် ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရပ်စောက်မြို့နယ်၌ ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံ

**ရပ်စောက် အောက်တိုဘာ ၁၉**

ရပ်စောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ပညာ သင်နှစ် ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ် ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၇ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင် ၌ ဆောင်ရွက်သည်။

ကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်ရာတွင် ကျန်းမာရေးအသိပညာ ပေးဟောပြောခြင်းများပြုလုပ်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် ကျောင်းဆရာ ဆရာမ များက အားဖြည့်ကူညီဆောင်ရွက်ပေးပြီး မြို့နယ်ရှိအခြေခံပညာကျောင်း များ၌ အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား ကျောင်းသူ ၂၈၇၀ အား ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် အသက်ကိုးနှစ် ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူ ၁၂၈၇ ဦးအား သားအိမ်ခေါင်း ကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နတ်တလင်းမြို့၌ လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးဟောပြော

**နတ်တလင်း အောက်တိုဘာ ၁၉**

နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာနခန်းမ၌ အောက်တိုဘာ ၁၇ ရက်က လူကုန်ကူးမှု ပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး မှူး ဒေါ်ခင်သူဇာဝင်းက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအောင်ခန့်မင်းငွေက လူကုန်ကူးမှု၏အဓိပ္ပာယ်၊ ခေါင်းပုံဖြတ်ခြင်းအကြောင်း၊ လူကုန်ကူးမှု ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ဟောပြောကာ ခင်းကျင်းပြသထား သော စာအုပ်စာစောင်များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် ငလျင်အသိပညာပေးနံရံကပ် စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

## အိမ်မဲမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး Women Club အဖွဲ့ စာဖတ်ဝိုင်းကျင်းပ

**အိမ်မဲ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာနခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး Women Club အဖွဲ့ မှ စာရေးဆရာ ဒေါက်တာရဲနိုင်၏ လူဆိုတဲ့လူစာအုပ်ဖြင့် စာဖတ်ဝိုင်းကို အောက်တိုဘာ ၁၇ ရက်က ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေငွေလှိုင်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များပြောကြားပြီး ဦးဆောင် ဆွေးနွေးသူများအဖြစ် မြို့နယ်ဦးစီးအရာရှိနှင့် Women Club အဖွဲ့ဝင်များက အဆိုပါ စာအုပ်မှ လူဆိုတဲ့လူ၊ ကျန်းမာခြင်းသုခ၊ ဗလငါးတန်၊အသိပညာအစရှိသည့် ခေါင်းစဉ် များအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့၌ နယ်လှည့်ဟောပြောပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်

**မိုင်းပျဉ်း အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်ဟောပြောပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်ပြပွဲကို အောက်တိုဘာ ၁၇ ရက်က အမက-ဝမ်ကန် (စံပြ)ကျောင်းသို့ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းသန္တာဦးက စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအကြောင်းတို့ကို အသိပညာပေး ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား စာဖတ်ခြင်း အလေ့အကျင့်ရရှိစေရန်အတွက် အသိပညာပေး ရုပ်ပြပုံပြင်များ၊ ကဗျာစာအုပ်များနှင့် တေဇရုပ်စုံစာအုပ်များဖြင့် စာဖတ်ဝိုင်းကျင်းပပေးကာ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများနှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး အကြောင်းအရာများပါ နံရံကပ်စာစောင်များအား ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## ကဝမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော



**ကဝ အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို အောက်တိုဘာ ၁၇ ရက်က အလယ်ရွာအခြေခံပညာမူလတန်း(လွန်) ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိမ်းစိမ်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်သန်းသန်းဝင်းနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား အသိပညာတိုးပွားစေမည့် ရုပ်ပုံပြဇာတ်နှင့် ရုပ်ပုံပါ ပုံပြင်စာအုပ်များဖြင့် ပုံပြင်ပြောပြခြင်း၊ စာအုပ်များဖတ်ရှုစေခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေးနံရံကပ်စာစောင်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**



## မြဝတီမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**မြဝတီ အောက်တိုဘာ ၁၉**

ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ လူငယ်ရေးရာ ဟောပြောပွဲကို ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီခရိုင်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ အောက်တိုဘာ ၁၇ ရက်က အမှတ်(၄)ရပ်ကွက်၊ NLBC ကိုယ်ပိုင်အထက်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန်၊ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် အသိပညာဗဟုသုတများ ကြွယ်ဝစေရန် စာအုပ်စာပေများကိုဖတ်ရှုရမည့် နည်းလမ်းများ၊ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များက မိမိလူမျိုး မိမိပတ်ဝန်းကျင်ကို အကျိုးပြုစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် လေ့လာလိုက်စားရမည့် စာပေအမျိုးအစားများနှင့် တန်ဖိုးများ၏ အကျိုးကျေးဇူးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရမည့် နည်းလမ်းများ၊ ဆောင်ရန် ရှောင်ရန်အချက်များ၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဝင်းနိုင်က ကျောင်းသားလူငယ်များက သတိပြုဆင်ခြင်ရမည့် နေ့စဉ်စားသုံးနေသော ရက်လွန်အစားအစာများ၏ နောက်ဆက်တွဲ ဆိုးကျိုးများနှင့် စားသုံးသူရေးရာနှင့် စပ်လျဉ်း၍ မှတ်သားရမည့် အချက်များကိုလည်းကောင်း ဟောပြောခဲ့ကြသည်။**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## ရေတ်ကောင်းမြို့၌ လူငယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ငရုတ်ကောင်း အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က မိုးတိမ်ပြင်ကျေးရွာအုပ်စု ဆင်မွှံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ လူငယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်စာစောင်ပြပွဲများ ဆောင်ရွက်သည်။

ဦးစွာပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ကျော့မာလာလွင်က ကလေးငယ်များ လူကုန်ကူးမှုခံရခြင်းမှ ကင်းဝေးစေရန်၊ ကလေးအလုပ်သမားအဖြစ် ခိုင်းစေခံရခြင်းမှ ကင်းဝေးစေရန် သတိထားသင့်သည့်အချက်များ၊ သတိပြုရမည့်သူများ၊



မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကလေးအလုပ်သမားအမျိုးအစားများ စသည့်လူငယ်ဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ဟောပြောရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား လေ့လာမှတ်သားခဲ့ကြသည်။

**ငရုတ်ကောင်း(ပြန်/ဆက်)**

## ကွန်ဟိန်းမြို့၌ နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲဆောင်ရွက်

**ကွန်ဟိန်း အောက်တိုဘာ ၁၉**

ကွန်ဟိန်းမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက်က ဆောင်ရွက်သည်။

ဦးစွာ ဒေါ်သဲမာ(စာကြည့်တိုက်လက်ထောက်-၃) က ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများရရှိစေရန်၊ စာဖတ်ရှိန်မြှင့်မားလာစေရန်၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ စာဖတ်ခြင်းကြောင့် စိတ်အတွေးများ သန့်စင်ပြီး နှလုံးသားနူးညံ့နေမည်ဖြစ်ကြောင်း စာဖတ်ရခြင်း၏ ရည်ရွယ်ချက်ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေသောင်ယံမြို့၌ လူငယ်ရေးရာအသိပညာပေး



**ရွှေသောင်ယံ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ သဲကုန်းကျေးရွာအုပ်စု အမက (၁၉၂) သဲကုန်းကျောင်း၌ အောက်တိုဘာ ၁၇ ရက်က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ ရွှေသောင်ယံမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်က ကျောင်းသား ကျောင်းသူများအား လူငယ်နှင့် ရည်မှန်းချက်ခေါင်းစဉ်ဖြင့် ဟောပြောသည်။

အဆိုပါဟောပြောပွဲသို့သို့ ရွှေသောင်ယံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**ရွှေသောင်ယံ(ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး

**ကွမ်းခြံကုန်း အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို အောက်တိုဘာ ၁၇ ရက်က ဝါးကောက်တောကျေးရွာ အမက မူ/လွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန့်ဆွေနွယ်ဦးက လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ဟောပြောပြီး ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများ ဆက်လက်ကျင်းပရာ မူလတန်းအဆင့်၊ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

## လမ်းမတော်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အလက (၁)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲများ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲတို့ကို အောက်တိုဘာ ၁၇ ရက်က အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း မြမာလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က ကျောင်းသား ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန် စာအုပ်၊ စာစောင်များ ဖတ်ရှုကြစေရန် စာအုပ်စာပေ လူ့မိတ်ဆွေအကြောင်းနှင့် ပတ်သက်၍ ဟောပြောသည်။

ထို့နောက် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ ကာယဗလဖွံ့ဖြိုးရေးအတွက် ဂိမ်းပြိုင်ပွဲများဖြစ်သည့် ပူဖောင်းသယ်ပြိုင်ပွဲ၊ ဘောလုံးပစ်ပြိုင်ပွဲ၊ ခွက်စီပြိုင်ပွဲ၊ ခါးလှည့်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပါဝင်ဆော့ကစားခဲ့ကြပြီး ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ် ပွဲစဉ် (၈) မှ ဝက်စ်ဟမ်းနဲ့ ဘရန့်ဖို့ဒ်အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ဝက်စ်ဟမ်းရဲ့ ရှုံးအားကြောင့် ဘရန့်ဖို့ဒ် အခက်တွေ့နိုင်တယ်



**ဝက်စ်ဟမ်း VS ဘရန့်ဖို့ဒ် နံနက် ၁း၃၀**

တန်းဆင်းဇုန်အတွင်း ရပ်တည်နေတဲ့ ဝက်စ်ဟမ်းရဲ့ ခြေစွမ်းက ဒီရာသီမှာ အတော်လေးဆိုးရွားတယ်။ နောက်ဆုံးလေးပွဲမှာ နိုင်ပွဲရရှိထားခြင်း မရှိဘဲ သုံးပွဲအထိ ရှုံးနိမ့်ထားတယ်။ ဒါ့အပြင် တိုက်စစ်၊ ခံစစ်အဆိုးရွားဆုံးအသင်းထဲလည်း ပါဝင်နေတယ်။ တန်းဆင်းဇုန်အထက် ရပ်တည်နေတဲ့ ဘရန့်ဖို့ဒ်ခြေစွမ်းက မဆိုးဘူး။ မည်သို့ပင်ဆိုစေ တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ရုန်းကန်လာမယ့် ဝက်စ်ဟမ်းကြောင့် ဘရန့်ဖို့ဒ်အသင်း အခက်တွေ့နိုင်တယ်။ ဝက်စ်ဟမ်းထက် ဘရန့်ဖို့ဒ်အသင်းသာ ရမှတ်အပြည့်ရယူသွားဖွယ်ရှိတယ်။



| ■ စောင့်ကြည့်ရမည့်ကစားသမား |
| --- |
| ဘိုဝင် |
| ဝက်စ်ဟမ်း (ကွင်းလယ်) |
| သွင်းဂိုး+ဂိုးဖန်တီးမှု = ၃ |

| ဝက်စ်ဟမ်းနဲ့ ဘရန့်ဖို့ဒ်ထိပ်တိုက်တွေ့ဆုံမှု သုံးပွဲရလဒ် | | |
| --- | --- | --- |
| ဝက်စ်ဟမ်း | ၀-၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၁-၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၄-၂ | ဘရန့်ဖို့ဒ် |

| ■ စောင့်ကြည့်ရမည့်ကစားသမား |
| --- |
| သီယောဂို |
| ဘရန့်ဖို့ဒ် (တိုက်စစ်) |
| သွင်းဂိုး+ဂိုးဖန်တီးမှု = ၄ |

# ဂျပန်အိုးပင်း ၃၂ ဦးအဆင့်တွင် ဆက္ကရီနှင့် ဖာနန်ဒက်စ်တို့ ဆုံတွေ့



■ ဂရိတင်းနစ်မယ် မာရီယာဆက္ကရီ

ဂျပန်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် နာမည်ကျော် ဂရိတင်းနစ်မယ် မာရီယာ ဆက္ကရီသည် ကနေဒါတင်းနစ်မယ် လေလာဖာနန်ဒက်စ်နှင့် အောက်တိုဘာ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ဆက္ကရီနှင့် ဖာနန်ဒက်စ်တို့သည် စက်တင်ဘာလအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် တရုတ်အိုးပင်းပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် ထိပ်တိုက်တွေ့ဆုံထားရာ ဖာနန်ဒက်စ်က အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်လှမ်းထားသည်။

ထို့ကြောင့် ဆက္ကရီအနေဖြင့် ယခုအကြိမ်တွေ့ဆုံမှုတွင် ဖာနန်ဒက်စ်ကို ရှုံးကြေးပြန်ဆပ်ပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်မည်လား သို့မဟုတ် ရှုံးပွဲထပ်မံကြုံတွေ့ကာ နောက်တစ်ဆင့် တက်လှမ်းခွင့် လွဲချော်သွားမည်လား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

ဂျပန်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ဖာနန်ဒက်စ်နှင့် ဆက္ကရီအပြင် အူချီဂျီးမားနှင့် ကီနင်၊ ဝါကနာနှင့် ဘာတွန်ကိုဗာ၊ အမ်ဘိုကိုနှင့် အန်ဒရက်စကူတို့ ထိပ်တိုက်ဆုံတွေ့နေသည်။

# မာဆေးလ်က လီဟာဗရီကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားဦးဆောင်

ပြင်သစ်လီဂူးဝမ်း ပွဲစဉ် (၈) မှ အောက်တိုဘာ ၁၉ ရက် နံနက် ၁ နာရီ ၃၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် မာဆေးလ်နှင့် လီဟာဗရီအသင်းပွဲစဉ်တွင် မာဆေးလ်အသင်းက တောင်ပံတိုက်စစ်ကစားသမား မေဆင်ဂရင်းဝုဒ်၏ သွင်းဂိုးများနှင့်အတူ ခြောက်ဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

မာဆေးလ်အသင်းတောင်ပံတိုက်စစ်ကစားသမား ဂရင်းဝုဒ်သည် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးလေးဂိုး သွင်းယူနိုင်ခဲ့သည်။ တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် လီဟာဗရီအသင်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိဘဲ မာဆေးလ်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသည်။



လီဟာဗရီအသင်းဘက်သို့ မာဆေးလ် တောင်ပံကစားသမား ဂရင်းဝုဒ် ပယ်နယ်တီကန်သွင်းယူစဉ်။

ပွဲကစားချိန် ၃၄ မိနစ်တွင် လီဟာဗရီအသင်းမှ ခံစစ်ကစားသမား လောရစ်အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ မာဆေးလ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပီအက်စ်ဂျီအသင်းထက် တစ်မှတ်အသာ ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ လီဟာဗရီအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် တန်းဆင်းဇုန်မှ လွတ်မြောက်မှု လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည် ဖြစ်သည်။

# ကလပ်သွင်းဂိုးပေါင်း ၄၀၀ ပြည့်မြောက်ခဲ့သည့် တိုက်စစ်ကစားသမား ဟာရီကိန်း



အင်္ဂလန်အသင်းခေါင်းဆောင် ဟာရီကိန်းသည် ဘိုင်ယန်မြူးနစ်က ဒေါ့မွန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ကလပ်သွင်းဂိုးပေါင်း ၄၀၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်း အဓိကတိုက်စစ်ကစားသမားကိန်းသည် ယင်းပွဲစဉ်တွင် ပွဲကစားချိန် ၂၂ မိနစ်၌ ကင်းမစ်ချ်၏ ဖန်တီးမှုကို ခေါင်းတိုက်အဆုံးသတ် သွင်းယူကာ ၎င်း၏ ကလပ်သွင်းဂိုးပေါင်း ၄၀၀ မြောက်ကို သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ကိန်း၏ အဆိုပါသွင်းဂိုးမှာ ယခုနှစ်ရာသီတွင် ၎င်း၏ ၂၀ ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ကိန်းသည် ကလပ်အသင်းအတွက် သွင်းဂိုး ၄၀၀ ပြည့်မြောက်ရန် ၁၄ နှစ်နှင့် ၉ လကြာ အချိန်ယူခဲ့ရကြောင်း သိရသည်။ အသက် ၃၂ နှစ်အရွယ် အဆိုပါ တိုက်စစ်ကစားသမားသည် ၂၀၂၃ ခုနှစ်တွင် စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက် အသင်းအတွက် ၁၀၇ ပွဲတွင် သွင်းဂိုး ၁၀၄ ဂိုး ရှိလာပြီ ဖြစ်သည်။

ထို့အပြင် ၎င်းသည် စပါးအသင်းအတွက် ဂိုး ၂၈၀၊ လေတန်အော်ရီယန့် အသင်းအတွက် ငါးဂိုး၊ မီဝေါလ် အသင်းအတွက် ကိုးဂိုးနှင့် လက်စတာအသင်းအတွက် နှစ်ဂိုး သွင်းယူပေးထားသည်။

# ဘွန်ဒီယာ၏ သွင်းဂိုးကြောင့် အက်စ်တွန်ဗီလာက စပါးကို အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၈) မှ အောက်တိုဘာ ၁၉ ရက် ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် စပါးနှင့် အက်စ်တွန်ဗီလာအသင်းပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက အကြိတ်အနယ်ကစားကာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

စပါးအသင်းသည် အက်စ်တွန်ဗီလာအသင်းထက် ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးဖန်တီးမှုပိုင်း အသာရခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်သွင်းယူမှု လိုအပ်ချက်များစွာရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ပွဲချိန် ၅ မိနစ်တွင် ဘန်တန်ကာက စပါးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။

အက်စ်တွန်ဗီလာအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၃၇ မိနစ်တွင် ရော်ဂျာက သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် စပါးအသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့သော်လည်း သွင်းဂိုးရသည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ အက်စ်တွန်ဗီလာအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲကစားချိန် ၇၇ မိနစ်တွင် ဘွန်ဒီယာက သွင်းယူပေးခဲ့သည်။

ထို့နောက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် အက်စ်တွန်ဗီလာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ် ၈ ပွဲတွင် နိုင်ပွဲ ၃ ပွဲ ရှိလာပြီ ဖြစ်သည်။

# ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယနေရာလုပွဲတွင် ကိုလံဘီယာက ပြင်သစ်ကို အနိုင်ရ

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ကိုလံဘီယာ ယူ-၂၀ နှင့် ပြင်သစ် ယူ-၂၀ အသင်းပွဲစဉ်ကို အောက်တိုဘာ ၁၉ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ကိုလံဘီယာ ယူ-၂၀ အသင်းက ပွဲချိန် ၂ မိနစ်တွင် ရရှိခဲ့သော ပါရီယာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နှစ်သင်းကြား ခြေစွမ်းကွာဟမှုမရှိဘဲ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ကစားမှုကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိခဲ့သည်။ ပြင်သစ်အသင်းသည် ကိုလံဘီယာအသင်းထက် ဂိုးပေါက်ကန်သွင်းမှုပိုင်း အသာရခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှုပိုင်းတွင် သိသိသာသာ လျော့နည်းခဲ့သည်။

ပြင်သစ်အသင်းသည် ယခုပြိုင်ပွဲမတိုင်မီ ကိုလံဘီယာအသင်းနှင့် နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှုတွင် နှစ်ကြိမ်စလုံး ရှုံးနိမ့်ထားသည်။ ထို့အပြင် ပြင်သစ်အသင်းသည် ယခုအကြိမ်တွေ့ဆုံမှုတွင်လည်း အဆိုပါရှုံးကြွေးဆပ်နိုင်ခြင်း မရှိဘဲ ထပ်မံရှုံးပွဲကြုံတွေ့ခဲ့သည်။

■ မိုးဇက်-စုစည်းရေးသားသည်

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) ကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ ဆက်လက်ရှင်းပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about your hometown in English (ကိုယ့်ရဲ့မွေးရပ်မြို့အကြောင်း အင်္ဂလိပ်လိုဘယ်လိုပြောရမလဲ) ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**7. Conjunction (Conj) စကားဆက်**

Conjunction (Conj) စကားဆက်ဆိုသည်မှာ စကားလုံးတွေကိုဖြစ်စေ၊ စကားစုတွေကိုဖြစ်စေ၊ ဝါကျပိုင်းတွေကိုဖြစ်စေ၊ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ ပေါင်းကူးတံတားသဖွယ် ဆက်စပ်ပေးသော စကားလုံးဖြစ်သည်။ ရိုးရှင်းသောဝါကျများကို ပိုမိုအဓိပ္ပာယ်ပြည့်စုံသော ဝါကျရှည်ကြီးများအဖြစ် ဖန်တီးရေးသားရာတွင် Conjunction (Conj) စကားဆက်များကို သုံးနိုင်သည်။ အဓိကအားဖြင့် Conjuncton (Conj) စကားဆက်တွင် အပိုင်းသုံးပိုင်းရှိသည်။ ၎င်းတို့မှာ Coordinating (ဂုဏ်ရည်တူစကားဆက်များ)၊ Correlative (စကားဆက်အတွဲများ)နှင့် Subordinating (မှီခိုသို့ လက်အောက်ခံစကားဆက်များ) တို့ဖြစ်သည်။ စကားဆက်ကဏ္ဍတွင် သီးသန့်ဆက်လက်ဖော်ပြသွားပါမည်။

Conjunction (စကားဆက်) များသည် အတွေးအခေါ်စိတ်ကူးစိတ်သန်းများနှင့် ဝါကျအစိတ်အပိုင်းများကြား ယုတ္တိရှိသော (ဝါ) အဓိပ္ပာယ်ရှိသော ဆက်သွယ်မှုများကို ဖန်တီးပေးသည်။ အခြေနေအကြောင်းအရာပေါ်မူတည်ပြီး စကားဆက်အမျိုးအစားများစွာရှိသည်။ ဥပမာ – အချက်အလက် အတွေးအခေါ်အယူအဆများထပ်မံဖြည့်စွက်ပြောကြားလိုပါက စကားဆက်အဖြစ် "and" ကိုသုံးနိုင်ပြီး နှိုင်းယှဉ်သုံးသပ်ဖော်ပြလိုပါက "but/yet/although" ကဲ့သို့သော စကားဆက်များကို သုံးနိုင်သည်။ အကျိုးနှင့်အကြောင်းကို ဖော်ပြလိုပါက "because" နှင့်ဖော်ပြနိုင်ပြီး အခြေအနေပေါ်မူတည်ပြီး ဖော်ပြလိုပါက "unless" ကိုသုံးနိုင်သည်။

Conjunctions များကိုသုံးခြင်းဖြင့် မိမိတို့၏ အတွေးအခေါ် စိတ်ကူးစိတ်သန်းများကို စုစုစည်းစည်းဖြင့် ပေါင်းစပ်ဖော်ပြနိုင်ပြီး စာကြောင်းများကို ကျိုးကြောင်းညီညွတ်စွာဖြင့် ဟန်ချက်ညီညီ အဓိပ္ပာယ်ရှိရှိ ရေးသားပြောဆိုနိုင်မည်ဖြစ်သည်။ Conjunctions အသုံးပြုခြင်းကို မှန်မှန်သိရှိခြင်းဖြင့် မိမိတို့၏အရေးအသားအပြောအဆိုများကို ပိုမိုရှင်းလင်းပြတ်သားစေမည့်အပြင် ဟန်နှင့် စည်းချက်ကျနမှုကိုပါ တိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။

**Conjunctions in the sentences**

- She likes apples *and* oranges.
  သူမက ပန်းသီးတွေနဲ့ လိမ္မော်သီးတွေ ကြိုက်တယ်။
- She wanted to drive, *but* she couldn't get her license.
  သူမက ကားမောင်းချင်တယ်။ ဒါပေမယ့် သူမ လိုင်စင်မရသေးဘူး။
- I have to go to the supermarket *because* the local shop has closed.
  ကျွန်တော် ဈေးဝယ်ကုန်တိုက်ကြီးကို သွားခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ရပ်ကွက်ဆိုင်လေးက ပိတ်ထားလို့ပါ။
- *Both* the cat *and* dog are on the sofa.
  ခွေးနဲ့ကြောင် ဆိုဖာပေါ်မှာ အိပ်နေတယ်။
- He is an introvert, *yet* he likes parties.
  သူဟာ ဘာသိဘာသာနေတတ်တဲ့ အတွင်းစွဲတစ်ယောက်ဖြစ်သော်လည်း ပါတီပွဲတွေကို ကြိုက်တယ်။
- Her clothes were dirty, *so* she washed them.
  သူမရဲ့အဝတ်အစားတွေ ညစ်ပတ်နေတယ်။ ဒါကြောင့် သူမ အဝတ်လျှော်ခဲ့တယ်။
- *Unless* you have a ticket, you can't enter.
  မင်းမှာ လက်မှတ်မရှိဘူးဆိုရင် မင်းဝင်လို့ရမှာမဟုတ်ဘူး။

**8. Interjection (Interj) အာမေဋိတ်**

တစ်ယောက်ယောက်ကိုနှုတ်ဆက်လိုသည့်အခါ၊ အံ့သြသည့်အခါ၊ ထိတ်လန့်သည့်အခါ၊ ဝမ်းသာသည့်အခါ၊ ဝမ်းနည်းသည့်အခါ ဖြစ်ပေါ်လာသည့် စိတ်ခံစားချက်ကြောင့် နှုတ်မှ အလိုလိုထွက်ပေါ်လာသည့် စကားလုံးကို Interjection (Interj) အာမေဋိတ်ဟုခေါ်သည်။ အာမေဋိတ်များသည် ၎င်းတို့ကိုယ်တိုင်သီးခြားရပ်တည်နိုင်ပြီး ဝါကျ၏ရှေ့၊ အလယ်နှင့် အနောက်တို့တွင်တွေ့နိုင်သည်။ ဥပမာ –

- Hello! ဟယ်လို။
- Oh! အို။
- Ah! အား။
- Hey! ဟေး။
- Alas! အောင်မလေး။ ဒုက္ခပါပဲ။
- Good! ကောင်းတယ်။
- Bravo! သတ္တိရှိတယ်ဟေ့။
- Fine! ကောင်းတယ်။
- Wow! အထင်ကြီး၊ အံ့သြ၊ ချီးကျူး။
- Ouch! စူးရှသည့်ဝေဒနာကြောင့် ထွက်ပေါ်လာသည့် အာမေဋိတ်

**Interjections in the sentence**

- *Oh!* You are also here.
  အိုး၊ မင်းလည်း ဒီမှာရှိနေတာကိုး။
- "*Hey!* Get off that floor!" he shouted.
  ဟေး၊ အဲဒီကြမ်းပြင်ပေါ်က ဆင်းစမ်းလို့ သူအော်ခဲ့တယ်။
- "He was, *uh*, not very happy about it," they said.
  သူက၊ အာ...၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သိပ်မပျော်ဘူးလို့ သူတို့က ပြောတယ်။
- "You finished it, *wow!* " they exclaimed.
  မင်းပြီးသွားပြီ၊ ဝေါင်းဆိုပြီး သူတို့က အံ့အားသင့်စွာပြောခဲ့တယ်။
- "So, it's snowing again, *huh* ?" he asked.
  နှင်းတွေထပ်ကျပြန်ပြီ၊ ဟ...လို့သူက အလိုမကျတဲ့ပုံစံနဲ့ ပြောတယ်။

## VOCABULARY ENRICHMENT PROGRAMME

1. **to keep a person at arm's length** (ခပ်ကင်းကင်းနေသည်)
   They no longer trust her and *are keeping her at arm's length.*
   သူတို့သည် သူမကို ဆက်မယုံကြည်နိုင်တော့သောကြောင့် သူမနဲ့ ခပ်ကင်းကင်းနေတယ်။
2. **to get to the top of the tree**(ကျွမ်းကျင်မှုနယ်ပယ်တစ်ခုတွင် အထွတ်အထိပ်ရောက်သည်)
   Anyone can *get to the top of the tree* if they try hard enough.
   ဘယ်သူမဆို ကြိုးစားရင် ကျွမ်းကျင်မှုနယ်ပယ်တစ်ခုမှာ အထွတ်အထိပ်ရောက်နိုင်တယ်။
3. **to blow one's own trumpet** (ကိုယ့်ဂုဏ်ကိုယ်ဖော်သည်။ ဝါကြွားသည်)
   You *blow your own trumpet* when you wish to draw attention to yourself.
   ကိုယ့်ကိုယ်ကိုယ် အာရုံစူးစိုက်လိုတဲ့အခါ ကိုယ့်ဂုဏ်ကိုယ်ဖော် လိုက်ပါ။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**How to talk about your hometown**

- **I live in ………………..**
  ကိုယ်ဘယ်မှာနေလဲဆိုပြီး ပြောရင် ဒီပုံစံအတိုင်း I live in ရဲ့နောက်မှာ ကိုယ်နေတဲ့နေရာထည့်ပြီးပြောနိုင်ပါတယ်။
- **It's called ………………**
  အဲဒါကို ဘယ်လိုခေါ်လဲဆိုပြီး ပြောရင်တော့ It's called ရဲ့နောက်မှာ နာမည်ထည့်ပြီး ပြောနိုင်ပါတယ်။
- **It's really famous for……………………**
  အဲဒါက ဘာအတွက်ကျော်ကြားသလဲဆိုပြီး ပြောရင်တော့ It's really famous for ဘာအတွက်ပါ ဆိုပြီးပြောနိုင်ပါတယ်။
- **It's ……………….. enough that you can get to know your neighbours.**
  It's နဲ့ enough ကြားမှာ Adjective ထည့်ပြီး ဘယ်လိုမျိုးလေးဆိုပြီးတော့လဲ ပြောနိုင်ပါသေးတယ်။
- **It's a pretty sleepy place, to be honest.**
  ဒါကတော့ မြို့က အတော်တိတ်ဆိတ်ခြောက်ကပ်တဲ့ပုံစံမျိုးရေးထားတာပါ။
- **……………… suits me.**
  ……………… က ကျွန်တော်နဲ့သင့်တော်ပါတယ်။
- **It feels a bit cut off from the wider world.**
  တကယ့်ကို ကျယ်ပြောလှတဲ့ ကမ္ဘာကြီးနဲ့ အဆက်အသွယ်ဖြတ်ထားသလို ခံစားမိတယ်လို့ ပြောရင် ဒီလိုလေးပြောနိုင်ပါတယ်။
- **……………… is almost unrecognisable compared to …………………. ago.**
  လွန်ခဲ့တဲ့ ………….. နှစ်နဲ့ နှိုင်းယှဉ်လိုက်ရင် ……………..ဟာ လုံးဝထင်မှတ်မထားနိုင်လောက်အောင် ပြောင်းလဲသွားတယ်လို့ ပြောချင်ရင်တော့အပေါ်မှာ ပြထားတဲ့ပုံစံအတိုင်း ပြောနိုင်ပါတယ်။

**I live in a small town called Tatkone**

**Daniel:** Where do you live? What's it called? How big is it?

**Gena:** *I live in a small town. It's called Tatkone.*

**Daniel:** What's your hometown famous for? How long have you lived there?

**Gena:** *It's really famous for local products* such as fermented bamboo shoot. I've been living here since I was born. *It's a pretty sleepy place, to be honest.*

**Daniel:** What good about your hometown? What do you like most about it?

**Gena:** *Living in Tatkone suits me.* It's a quiet place *and it's small enough that you can get to know your neighbours* and have a sense of community.

**Daniel:** What do you dislike about your hometown?

**Gena:** Tatkone's nice, but sometimes I find it a bit boring. There's not much for young people to do. There's no much nightlife and sometimes *it feels a bit cut off from the wider world.*

**Daniel:** How has your hometown changed over time?

**Gina:** Some places have changed very fast. Other places have never seen to change at all. *Tatkone is almost unrecognisable com–pared to twenty years ago.* It's much more modernized and much more expensive than it used to be. However the soul of the city is still there. Tatkone will always be Tatkone.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# မြို့နယ်များ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းများ ကျင်းပ

**ပင်လောင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၁၇ ရက်က လူငယ်စကားဝိုင်း ပြုလုပ်သည်။

ဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးကိုယ်စား အလယ်တန်းပြဆရာမ ဒေါ်ညိုညိုထွေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမြစောက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းစတင်ပြုလုပ်ရာ Grade- 10 မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ဆေးလိပ်အန္တရာယ်၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်ပရဟိတစိတ်၊ လူငယ်နှင့်ကျော်ကြားမှု၊ လူငယ်နှင့်စာပေမြတ်နိုးမှုစိတ်



ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအပေါ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မှော်ဘီ**

မှော်ဘီမြို့နယ် မြောင်းတကာ အခြေခံပညာအထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်



ရေးရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၇ ရက်က မြောင်းတကာ အထကကျောင်းခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်တာဝန်ခံ ပညာရေးမှူး ဦးမျိုးသက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းက စာအုပ်စာပေများဖတ်ရှုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျင်းပရခြင်းရည်ရွယ်ချက်များကို အသိပညာပေးပြောကြား၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးနေလင်း(စာရေးဆရာမောင်ချိုဝေ)က ခေတ်မီသော နိုင်ငံခေတ်မီသော လူမျိုးဖြစ်လာစေရန် ဆောင်ရွက်ရမည့်အမူအကျင့်များနှင့် အကောင်းအဆိုးဆင်ခြင်တုံတရားနှင့် ဆန်းသစ်တီထွင်ဖန်တီးနေရမည်ဖြစ်ကြောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူမြင့်က စားသုံးသူရေးရာအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် စားသုံးရန်မသင့်သော အစားအစာများအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(ပြန်/ဆက်)**

**ကျိုက်ထို**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးစကားဝိုင်းကို အောက်တိုဘာ ၁၇ ရက်က ကျိုက်ထိုမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေဥဒြေ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်တင်စန်းနှင့် စာပေချစ်သူများအသင်း အဖွဲ့ဝင် ဦးတင်ထွေးတို့က အမှာစကားပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ဗလငါးတန်နှင့် ပြည့်စုံရန်၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်စေရန် ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ အထက ရွှေဥဒြေ Grade -11မှ မကြယ်စင်လင်း၊ မမြတ်ပန်းဝင့်ကျော်၊ မောင်စိုင်းခန့်ဦး၊ Grade-10 မှ မဟေမာအောင်တို့က ဘဝဆိုတာ အရှုံးပေးဖို့မဟုတ်၊ လူငယ်နှင့်ဘဝတန်ဖိုး၊ ငယ်စဉ်အခါ ပညာရှာ၊ လူငယ်နှင့်ပရဟိတ စသည့်ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို မျှဝေဆွေးနွေးခဲ့ကြသည်။

**ကျိုက်ထို(ပြန်/ဆက်)**

**ဘိုကလေး**

ဘိုကလေးမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အောက်တိုဘာ ၁၈ ရက်က လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲ ကျင်းပဆောင်ရွက်သည်။

စကားဝိုင်းသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့် ဝန်ထမ်းများ၊ Book Club အဖွဲ့ဝင် စာရေးဆရာမ ကလောင်ရှင် အလင်းနတ်သမီး၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် Book Club အဖွဲ့ဝင် စာရေးဆရာမတို့က နယ်စပ်ဒေသတိုင်းရင်းသား သင်တန်းသားသင်တန်းသူများနှင့်အတူ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ဝါသနာ၊ လူငယ်နှင့်အောင်မြင်မှု စသည့်ခေါင်းစဉ်များဖြင့် လူငယ်များအတွက်



အကျိုးဖြစ်ထွန်းဖွယ်ရာ၊ လေ့လာမှတ်သားစရာများကို ဦးဆောင်ဆွေးနွေးကြပြီး စကားဝိုင်းတက်ရောက်ကြသော သင်တန်းသားသင်တန်းသူများက မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

**မိုးစက်(ဘိုကလေး)**

**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ကျောင်းစာကြည့်တိုက်များကို အကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် စာဖတ်ရှိန်မြှင့်ရေး စာအုပ်စာပေဖတ်ရှုမှု မြင့်မားလာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို အောက်တိုဘာ ၁၇ ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဟန်က လူငယ်စကားဝိုင်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဟောပြောပြီး ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ကာ အထက (၂)၊ Grade-11 မှ မောင်ဇင်မျိုးအောင်က လူငယ်နှင့်စာရိတ္တ၊ Grade-10 မှ မယွန်းမို့မို့ထွန်းက လူငယ်နှင့်မူးယစ်ဆေးဝါး၊ Grade-10 မှ မပြည့်မှူးဝတီလွင်က လူငယ်နှင့် စာပေ၊ G-10 မှ မဖြိုးရတနာကျော်က လူငယ်နှင့်ပညာရေး၊ Grade-11 မှ မောင်လုံဂျွမ်ဘားမိုင်က လူငယ်နှင့်နည်းပညာ ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**ချယ်ရီမြေ(မူဆယ်)**

# မြို့သစ်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲကျင်းပ

**မြို့သစ် အောက်တိုဘာ ၁၉**

မြို့သစ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာများ ပြန်လည်မျှဝေနိုင်စေရန်နှင့် လူငယ်များ၏ စွမ်းရည်ပိုမိုတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအကြိုလှုပ်ရှားမှုအဖြစ် စာစီစာကုံးပြိုင်ပွဲနှင့် လေ့လာသင်ယူရေးစကားဝိုင်းကို အောက်တိုဘာ ၁၆ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ တို့က ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးမှုမှသည် အနာဂတ်လူငယ်တို့၏ ဘဝကို မြှင့်တင်ကြပါစို့ ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး စကားဝိုင်းတွင် စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်ရေးသားသည့် (သူ့ကျွန်မခံပြီ)စာအုပ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ အထက်တန်း အဆင့်ကျောင်းသား ကျောင်းသူများက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့်ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**



# အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ဟောပြော

**ကျေးသီး အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ(တာဝန်ပေး)နှင့်ဝန်ထမ်းများက အောက်တိုဘာ ၁၇ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ဟောပြောပွဲ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ(တာဝန်ပေး) ဒေါ်စန်းစန်းယဉ်က ကလေးအလုပ်သမားပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာအသိပညာပေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးပြောကြားပြီး နံရံကပ်စာစောင်ကို ပြသသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားဥပဒေဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးနံရံကပ်စာစောင်၊ လူငယ်ရေးရာ နံရံကပ်စာစောင်တို့ကို ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ကျောက်ဆည်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော



**ကျောက်ဆည် အောက်တိုဘာ ၁၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အောက်တိုဘာ ၁၆ ရက်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက စက်ရုံများနှင့် မော်တော်ယာဉ်များမှ ထွက်ရှိသော မီးခိုးငွေ့များ၊ ရေဆိုးများနှင့် လူတို့၏ စည်းကမ်းမဲ့ အမှိုက် စွန့်ပစ်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ရှိလာနိုင်သောကြောင့် မိမိကိုယ်တိုင်ကစပြီး မိမိပတ်ဝန်းကျင်နေရာများကို သန့်ရှင်းသပ်ရပ်စွာ နေထိုင်သွားကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လေထုညစ်ညမ်းမှုများ၊ သစ်တောပြုန်းတီးမှုများ၊ တောမီးလောင်ခြင်းများကြောင့် ရာသီဥတုများ ပြောင်းလဲလာမှုအပေါ် ပြည်သူများအားလုံး ပူးပေါင်းပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ကြစေရေး ရှင်းလင်းပြောကြားကြောင်း သိရသည်။ **စုစုအေး(ကျောက်ဆည်)**

## မြစ်သားမြို့နယ်၌ အခမဲ့နယ်လှည့် ကွင်းဆင်းကျန်းမာရေးကုသ

**မြစ်သား အောက်တိုဘာ ၁၉**
မြစ်သားမြို့နယ် ကင်းတားဝန်း ရပ်ကွက်အတွင်းရှိ ပြည်သူများကို မြို့နယ်မိခင်နှင့် ကလေး ကျန်းမာရေးဌာနမှ ကျန်းမာရေး ဆရာမများနှင့် သားဖွားဆရာမများက (အခမဲ့)နယ်လှည့် ကွင်းဆင်းကျန်းမာရေးကုသခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို အောက်တိုဘာ ၁၇ ရက်က ကုသဆောင်ရွက်ပေးသည်။



မြို့နယ်မိခင်နှင့် ကလေး ကျန်းမာရေးဌာနမှ ကျန်းမာရေး ဆရာမများနှင့် သားဖွားဆရာမများက ကင်းတားဝန်းရပ်ကွက် အတွင်းရှိ အထွေထွေရောဂါလူနာများ၊ ကိုယ်ဝန်ဆောင်နှင့် သားဖွားမီးယပ်လူနာများ ၊ အရိုးအကြောနှင့် ပတ်သက်သည့် လူနာများ၊ ကလေးငယ်များအား ကျန်းမာရေး စောင့်ရှောက်ကုသပေးခြင်းများကို ဆောင်ရွက်ပေးပြီး ရပ်ကွက်နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရန်အတွက် သောက်သုံးရေကန်များ၊ ရေအိုးများ၊ ဘုရားပန်းအိုးများ၊ ကားတာယာများ၊ အိုးခွက်များစသည့် ခြင်ခိုအောင်းနိုင်သည့် နေရာများတွင် ဖုန်း၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
**ဝါဝါမြင့်(မြစ်သား)**

## ကြံခင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ဆောင်းရာသီ စိုက်ပျိုးစရိတ် စတင်ထုတ်ချေး

**ကြံခင်း အောက်တိုဘာ ၁၉**
ရေဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)၌ စိုက်ပျိုးစရိတ်များကို အတိုးနှုန်းသက်သာစွာဖြင့် ရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဆောင်းရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၁၈ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိသည်။

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ) (ကြံခင်း)မန်နေဂျာ ဒေါ်လွင်လွင်ဦးက တောင်သူများအား နှစ်စဉ် အောက်တိုဘာလကုန်ရက်များတွင်သာ ဆောင်းသီးနှံစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိပြီး ယခုနှစ်တွင် တောင်သူများ အဆင်ပြေစေရန်အတွက် ဆောလျင်စွာဖြင့် နိုင်ငံတော်က ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ပုံစံ(၇) အမည်ပေါက်ရှိမှသာ ချေးငွေများကို ရရှိနိုင်မည်ဖြစ်ကာ ပုံစံ(၇) အမည်ပေါက်မရှိသူများအား ချေးငွေအကြံပေးအဖွဲ့ဖြင့် ပူးပေါင်း၍ ဆောင်ရွက်ပေးနိုင်ရေးကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီထံ တင်ပြထားကြောင်း၊ သီးနှံထွက်ရှိလာပါက သတ်မှတ်ရက်များတွင် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ချေးငွေများ စတင်ထုတ်ချေးရာတွင် ရွာသစ်ရပ်ကွက်နှင့် ရွှေတောင်စုရပ်ကွက် တောင်သူ ၆၁ ဦးအား စိုက်ဧက ၂၈၇ ဧက



အတွက် တစ်ဧက တစ်သိန်းနှုန်းဖြင့် စိုက်ပျိုးစရိတ် ငွေကျပ် ၂၈၇ သိန်း ထုတ်ချေးပေးလျက်ရှိပြီး ဘဏ်ခွဲအနေဖြင့် ယခုနှစ် ဆောင်းရာသီတွင် ကျေးရွာအုပ်စု ၂၄ အုပ်စု တောင်သူ စုစုပေါင်း ၃၂၃၂ ဦး၊ နွေစပါး ၅၀၉ ဧက၊ ပဲနှင့် အခြားသီးနှံစိုက်ဧက ၁၆၆၄၈ ဧကအတွက် ငွေကျပ် သိန်း ၁၇၄၁၁ ဒသမ ၅၀ ထုတ်ချေးပေးရန် လျာထားကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ သိရသည်။
**ဖြိုးဝေလင်း(ပြန်/ဆက်)**

## လူထုအခြေပြုဗဟိုဌာန(ကော့မှူး)၌ စကားပုံဆက်ပြိုင်ပွဲနှင့် ကစားပြိုင်ပွဲများကျင်းပ



**ကော့မှူး အောက်တိုဘာ ၁၉**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ်အချိန်မှစပြီး ထိုးထွင်းကြံဆမှုများ တိုးတက်လာစေရန်နှင့် မြန်မာစကားပုံများကို သိရှိနားလည်ကာ အဓိပ္ပာယ်ကို လက်တွေ့အသုံးချတတ်စေရန် ရည်ရွယ်၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၁၇ ရက်က စကားပုံဆက်ပြိုင်ပွဲနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ပြိုင်ပွဲများကျင်းပပေးခြင်းကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိခြင်း၊ ဉာဏ်ရည်ဉာဏ်သွေးများ ပိုမိုတိုးတက်လာစေရန်၊ မြန်မာစကားပုံကို ချစ်မြတ်နိုးလာစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုများရရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပပေးခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မူလွန်(ပတုပ်)ကျောင်းမှ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။
**ကျော်သူရ(ကော့မှူး)**



## မြိတ်မြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေး

**မြိတ် အောက်တိုဘာ ၁၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ပြုလုပ်သည်။

အသိပညာပေးရာတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားပြီး မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းဦးက အထွေထွေရွေးကောက်ပွဲဆိုင်ရာများနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်နှင့် မဲပေးခြင်းလုပ်ငန်းများကို မဲပေးစက်နည်းပြ ဦးသန်းဝင်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲပေးခြင်းလုပ်ငန်းစဉ်များအတိုင်း မဲဆန္ဒရှင်ပြည်သူများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ မိသားစုဝင်များကို လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ခဲ့ကြသည်။ **ခိုင်ထူး(ပြန်/ဆက်)**



## ထန်းတပင်မြို့၌ ငါးသားပေါက် ၁၅၀၀၀၀ မျိုး စိုက်ထည့်

**ထန်းတပင်(ပဲခူး) အောက်တိုဘာ ၁၉**
ထန်းတပင်မြို့နယ်၌ ငါးလုပ်ငန်းဦးစီးဌာနက ငါးထုတ်လုပ်မှုနှင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်စေရန်နှင့် ရေလုပ်သားများ၏ လူမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် စစ်တောင်းမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က မြို့အဝင် စစ်တောင်း တံတားထိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ ၅၀၀၀၀ တို့ကို စစ်တောင်းမြစ်အတွင်းသို့ စုပေါင်းကာ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ မြန်မာစာစွမ်းရည်ပြိုင်

**သုံးခွ အောက်တိုဘာ ၁၉**
ကျောင်းသားကျောင်းသူလေးများ စာပေကိုအဖြတ်အတောက်မှန်ကန်စွာ ဖတ်ရှုနိုင်စေရန်နှင့် စိတ်ပျော်ရွှင်ချမ်းမြေ့စေရန် ရည်ရွယ်၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၁၈ ရက်က မြန်မာစာစွမ်းရည်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲများ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး မြန်မာစာစွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ ကျောင်းသူများက မိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းစဉ်များဖြင့် အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် စကားပုံဆက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး အကောင်းဆုံးယှဉ်ပြိုင်နိုင်သူများအား မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။
**စည်သူလင်း(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ မီးဘေး၊ သဘာဝဘေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး

**မိုးနဲ အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် လွိုင်လင်းခေတ်မီစံပြကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် ကျေးရွာနေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်စေရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ မီးဘေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အဆိုပါဘုန်းတော်ကြီးကျောင်းနေရာ၌ အောက်တိုဘာ ၁၇ ရက်က ကျင်းပသည်။



ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဇင်မီဟန်က ပုံမှန်ကာကွယ်ဆေးနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးစဖော်ဖော်မိုးက သစ်တောသစ်ပင်ထိန်းသိမ်းရေးဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိဦးခွန်မောင်ဟိန်းက အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်ခိုင်က ခေတ်မီစံပြကျေးရွာ ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်ပေးသွားမည့်လုပ်ငန်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကိုကိုသက်က သဘာဝဘေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြိမ်းသတ်မှုများကို ကျေးရွာနေပြည်သူများနှင့်အတူ လက်တွေ့သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## ဖြူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေး

**ဖြူး အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ဖြူးအရှေ့ကျေးရွာအုပ်စု ကညင်မြောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)ကျောင်းရှိကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၁၇ ရက်က ကျန်းမာရေးအသိပညာပေး၍ တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဖြူးမြို့နယ် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးရုံအုပ် ဒေါ်စိုးလက်မီနှင့် ဆရာမများက ရာသီအကူးအပြောင်းတွင် အဖြစ်အများဆုံးရောဂါများနှင့် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် တိုင်းရင်းဆေးအကြောင်းကို အသိပညာပေးဟောပြောကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့၌ ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌ ကရာတေးပြိုင်ပွဲ ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌ ကရာတေးပြိုင်ပွဲ ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့က ကျောက်ဆည်အားကစားခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်က မြန်မာနိုင်ငံတစ်ဝန်း ကရာတေးအားကစားနည်း ပြန့်ပွားတိုးတက်စေရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ပေါ်ထွန်းလာစေရေးနှင့် အောင်မြင်မှုများ ရရှိစေရန်ရည်ရွယ်၍ ကရာတေးပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ထူးနှင့် မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌတို့က ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် Kyaukse Karate၊ Mitta၊ Unity၊ Future Star ကိုယ်စားပြုအသင်းများမှ ဂျူနီယာ အမျိုးသား Kumite ပြိုင်ပွဲ၊ (၁၄)နှစ်အောက် အမျိုးသမီး Kata ပြိုင်ပွဲ၊ ဂျူနီယာအမျိုးသမီး Kata ပြိုင်ပွဲ၊ စီနီယာအမျိုးသမီး Kumite ပြိုင်ပွဲ၊ ဂျူနီယာအမျိုးသမီး Kumite ပြိုင်ပွဲနှင့် Cadet အမျိုးသမီး Kumite ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

**အောင်ပိုင်ပိုင်ကျော်(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့ သုံးမိုင်ပတ်လည် Green Zone အကောင်အထည်ဖော်ဆောင်

**ကျောင်းကုန်း အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ သုံးမိုင်ပတ်လည် Green Zone အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် အမှတ်(၄)ရပ်ကွက် ကျောင်းကုန်း-အိမ်မဲလမ်းဆုံ၌ ယနေ့နံနက်ပိုင်းက မြို့နယ်သန့်ရှင်းသာယာလှပစေရေး ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေးနှင့် အရိပ်ရအပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲနှင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကြီးကြပ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ချုံနွယ်ပိတ်ပေါင်းများ၊ မြက်များနှင့် ပလတ်စတစ်များကို ရှင်းလင်းဖယ်ရှားကာ မြို့နယ်သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြပြီး အရိပ်ရအပင်များဖြစ်သည့် မန်ကျည်းပင်ကို ...

စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်စီမံကိန်း) ဖြင့် ဆောင်ရွက်သော မိုးစပါးရိတ်သိမ်း

**ဝါးခယ်မ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကြခတ်ကုန်းကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာတိုးပွားအောင် စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်စီမံကိန်း) ဖြင့် ဆောင်ရွက်သော မိုးစပါးရိတ်သိမ်းပွဲကို အောက်တိုဘာ ၁၈ ရက်က အသင်းသားတောင်သူ ဒေါ်ရင်ရင်ငွေး၏ လယ်မြေ၌ ပြုလုပ်ခဲ့သည်။



မိုးစပါးရိတ်သိမ်းပွဲသို့ သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးမင်းနှင့်တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တူးတူးလွင်နှင့် ဝန်ထမ်းများ၊ တိုးပွားအောင် စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှအသင်းသားများနှင့် တောင်သူများ တက်ရောက်သည်။

အဆိုပါအသင်းသားတောင်သူ ဒေါ်ရင်ရင်ငွေး၏ လယ်မြေ ၁၁ ကေ၌ အောင်နိုင်တိုး မိုးစပါးရိတ်သိမ်းရာ တစ်ကေလျှင် ပျမ်းမျှအထွက်တင်း ၁၃၀ နှုန်းနှင့် ဒေါ်မြအိမွန်၏ စိုက်ပျိုးကေလေးကေတွင် အောင်နိုင်တိုး မိုးစပါး ရိတ်သိမ်းရာ တစ်ကေလျှင် ပျမ်းမျှ ၁၃၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေး

**ပွင့်ဖြူ အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းပြီး အောက်တိုဘာ ၁၇ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စပ်လျဉ်း၍ သက်ကြီးဘိုးဘွားများ လူမှုရေးပင်စင် အကျိုးခံစားခွင့် ရရှိရေးအတွက် လျှောက်ထားရမည့် အသက်အပိုင်းအခြားများ၊ သက်ကြီးဘိုးဘွားများ၏ အခွင့်အရေးဆိုင်ရာများနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်ပေးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**ဆိပ်ကြီးခနောင်တို အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းသားများအား လူကုန်ကူးမှုနှင့်ပတ်သက်၍ ဗဟုသုတရရှိစေရန်ရည်ရွယ်ပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်ဦးက ကျောင်းသားများအား လူကုန်ကူးမှု ဖြစ်ပွားရခြင်းအကြောင်းအရင်း၊ လူကုန်ကူးခံရပါက ဖြစ်ပေါ်လာမည့် လူမှုဒုက္ခများ၊ လူကုန်ကူးခံရခြင်းမှ ကင်းဝေးအောင်ပြုမူနေထိုင်ရမည့်အချက်များ၊ လူကုန်ကူးမှု ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် လူထုအခြေပြုခန်းမ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲကို ကျောင်းသားများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



**ဝေယံ(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၄ ရက်တွင် ပျဉ်းမနားမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၂၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၉၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် စစ်ကိုင်းမြို့နယ် ပန်းဘဲတန်းရပ်ကွက်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်း ၆၈ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၈၃၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၃ ရက်တွင် တံတားဦးမြို့နယ် ရေခါးကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် မီးသွေးတန် ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မိတ္ထီလာမြို့နယ်၊ အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မန္တလေးမြို့ စွယ်တော်ကားဝင်းအတွင်း၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၃၆၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၄၃၃၆၄၀ ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၇၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဗိုလ်တထောင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် မအူပင်မြို့နယ်နှင့် လပွတ္တာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Aung Soe Tint Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Daihatsu Hijet တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၂၀၀၀၀) ကိုလည်းကောင်း၊ ဘုရားကြီးမြို့နယ်အတွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) ကို လည်းကောင်း၊ ပဲခူးမြို့နယ်အတွင်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၆၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Nissan Diesel Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ကော့သောင်းမြို့နယ် တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၄၃၃၈၉) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၇၃၀၁၃၈၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၄၄၆၃၁၂၅)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက် အမှတ် (M5/M6) တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား JACK–UP Drilling Rig, COSL GIFT (Call Sign: 9V2410) ဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်သည်။

ကမ်းလွန်လုပ်ကွက်အမှတ် (M5/M6) တွင် တွင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်မည့် တွင်းတည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) Restricted Area Boundary Coordinates for M5/M6

| Point | Latitude | Longitude |
|---|---|---|
| A | 15° 24' 07.33 " N | 94° 03'05.77" E |
| B | 15° 24' 27.67 " N | 94° 51' 54.74" E |
| C | 14° 57' 55.74 " N | 94° 52' 02.99" E |
| D | 14° 57'36.07 " N | 94° 03' 20.32" E |

(ခ) Tentative Schedule for Drilling with COSL Gift for M5/M6

| Platform Name | Latitude | Longitude |
|---|---|---|
| YAD–2M | 15° 9'9.38" N | 94° 46' 51.56 " E |
| Bawga Wadi–1 | 15° 2' 36.60" N | 94° 05' 40.69" E |
| Mingalar–1 | 15° 23' 21.42" N | 94° 14' 40.61" E |
| Mingalar–2 | 15° 16' 50.29" N | 94° 09' 23.36" E |
| Bawga Wadi–2 | 15° 7' 45.20" N | 94° 09' 48.20" E |
| BDM–4H(R5E) | 15° 9' 37.47" N | 94° 43' 2.78" E |
| BDM–4D(R5NE) | 15° 9' 37.48" N | 94° 43' 2.66" E |
| BDM–4B(R3) | 15° 9' 37.36" N | 94° 43' 2.66" E |
| BDM–4F(R2SE) | 15° 9' 37.36" N | 94° 43' 2.77" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်(M5/M6) တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား JACK–UP Drilling Rig, COSL GIFT (Call Sign: 9V2410)ဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် ဧရိယာအကျယ်အဝန်းနှင့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာမည်။

**မိုး/ဇလ**

❑ *ကျောဖုံးမှ*

ထို့ကြောင့် တပ်မတော်က အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် တပ်စခန်းများနှင့် မြို့/ရွာများအား ပြန်လည် တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ သဃ်န်းညီနောင် တပ်နယ်အား ၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ကေ့ကရိတ်-သဃ်န်းညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်ခဲ့သည်။



တပ်မတော်စစ်ကြောင်းများက လက်ခတ်တောင်အား သိမ်းပိုက်ရရှိသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ရှခင်းသာစခန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လေးကေ့ကော် ဒေသရှိ စခန်းများအား ပြန်လည်သိမ်းပိုက်ရရှိ။



တပ်မတော်စစ်ကြောင်းများက စွယ်တော်ကုန်းစခန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိ ဌာနဆိုင်ရာ အဆောက်အအုံများအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် မြန်မာနယ်နိမိတ်အတွင်း၌ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းမှု မရှိစေရေး၊ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် မြန်မာ – ထိုင်း နယ်စပ်တစ်လျှောက် မြန်မာဘက်ခြမ်းသို့ တရားမဝင် နိုင်ငံခြားသားများ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ကာ တရားမဝင်အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှု နှိမ်နင်းရေးအတွက် လိုအပ်သည့် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် လက်ခတ်တောင် ဘုရားကုန်းနှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်အား စက်တင်ဘာ ၉ ရက်တွင် လည်းကောင်း၊ ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ ၂၀၁၅ ခုနှစ်တွင် ဒေသခံ တိုက်ပွဲရှောင်ပြည်သူများအတွက် ဆောက်လုပ်ပေးထားသည့် လေးကေ့ကော်မြို့သစ်အား စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် အဆိုပါ လေးကေ့ကော်မြို့သစ်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အဆိုပါ မြို့သစ်တွင် ယခင်ဆောက်လုပ်ပြီးခါစ ဒေသခံ တိုက်ပွဲရှောင်တိုင်းရင်းသား ပြည်သူများ နေထိုင်ကြသော်လည်း ၂၀၂၃ ခုနှစ်နောက်ပိုင်း အကြမ်းဖက်သောင်းကျန်းသူ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက အဆိုပါဒေသခံ တိုင်းရင်းသားများကို မောင်းထုတ်လျက် အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ မိသားစုဝင်များ တရားမဝင် သိမ်းပိုက်ဝင်ရောက်နေထိုင်ခဲ့သည့် နေရာဖြစ်ကြောင်းလည်း သိရှိရသည်။ ထိုသို့ တိုက်ခိုက်သိမ်းပိုက်စဉ် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် KK Park ကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း တပ်မတော် စစ်ကြောင်းများက ဝင်ရောက်ရှင်းလင်းခဲ့သည်။

တိုက်ပွဲစဉ် တစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ခြောက်ကြိမ်၊ တိုက်ပွဲငယ် ၅၂ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများထံမှ အလောင်း ၁၀ လောင်း၊ လက်နက်မျိုးစုံ ၁၆ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သလို KK Parkအတွင်းမှ ထူးခြားလက္ခဏာ မတွေ့သော်လည်း တရားမဝင်ဆက်သွယ်မှု ဆောင်ရွက်ရန် ရည်ရွယ်တပ်ဆင်ထားသည့် Star Link စလောင်း အစုံ ၃၀ နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည့်အပြင် ဆောက်လုပ်ပြီး အဆောက်အအုံ တစ်ထပ်တိုက် ၁၀ လုံး၊ နှစ်ထပ်တိုက် အလုံး ၁၀၀၊ လေးထပ်တိုက် အလုံး ၂၀ နှင့် ငါးထပ်တိုက် နှစ်လုံး၊ တစ်ထပ်တိုက် ဈေးဆိုင်ခန်း အလုံး ၂၀၊ နှစ်ထပ်တိုက်

*စာမျက်နှာ ၂၆ သို့*



တပ်မတော်စစ်ကြောင်းများက KK Part ဝင်းအတွင်း လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိဘာသာရေးဆိုင်ရာ အဆောက်အအုံများအား အကြမ်းဖက်သမားများက ဘန်ကာများ ပြုလုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ လက်ခတ်တောင်မှ ဆုတ်ခွာထွက်ပြေးစဉ် သာသနိက အဆောက်အအုံများအား ဖျက်ဆီးသွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိဘာသာရေးဆိုင်ရာ အဆောက်အအုံများအား အကြမ်းဖက်သမားများက ဘန်ကာများ ပြုလုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ လက်ခတ်တောင်မှ ဆုတ်ခွာ ထွက်ပြေးစဉ် သာသနိကအဆောက်အအုံများအား ဖျက်ဆီးသွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိ ဌာနဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးမြို့တွင်းသို့ Suicide Drone ဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်၊ အပြစ်မဲ့ အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ





PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်မောင်းနှင်သည့် Suicide Drone ဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်မောင်းနှင်သည့် Suicide Drone ဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၉**

PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် အစွန်းရောက်နိုင်ငံရေး ခံယူချက်များအတွက် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်နေကြသည့် ပြည်သူလူထုအား လက်နက်အားကိုးဖြင့် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းတို့ကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိကြရာ ယနေ့နံနက်ပိုင်းတွင်လည်း ၎င်းတို့ ထိန်းချုပ်မောင်းနှင်ပြီး အကြောင်းမဲ့ပစ်ခတ်ခဲ့သည့် Suicide Drone ကျရောက် ပေါက်ကွဲမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ဒေသခံပြည်သူ အမျိုးသားတစ်ဦးနှင့်အမျိုးသမီး တစ်ဦး ဖုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်တွင် Suicide Drone တစ်စင်းကို ကလေးမြို့၏ အနောက်တောင်ဘက် မီတာ ၈၀၀၀ ခန့်အကွာ နဂါးဗွက်ကျေးရွာအနီးမှ လွှတ်တင်၍ စစ်ရေးပစ်မှတ်မဟုတ်ဘဲ အများပြည်သူများ နေထိုင်လျက်ရှိသည့် ကလေးမြို့အတွင်းသို့ အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ပင်လုံရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ အဆိုပါပေါက်ကွဲမှုကြောင့် ဦးထန်ရှန်းခိုင် (၃၄) နှစ်နှင့်ဒေါ်ပန်ကီး (၅၀)နှစ်တို့တွင် ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ၎င်းတို့အား ကလေးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အများပြည်သူ အေးချမ်းစွာနေထိုင်လျက်ရှိသည့် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများအား အကြမ်းဖက်တိုက်ခိုက်ခြင်းများလုပ်ဆောင်နေမှုတို့ကို ဒေသခံပြည်သူများက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အဆိုပါ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Tun Wa” TikTok အကောင့်နှင့် “မိနန်း” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပဲခူးမြို့ ဇိုင်းဂနိုင်(တောင်)ရပ်ကွက်နေ အေးမင်းဦး(ခ)ဂျာမားအား ည ၈ နာရီခွဲတွင် လည်းကောင်း၊ “Aung Too” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ် သူဌေးကုန်းကျေးရွာနေ အောင်သူအား အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**



မြန်မာ – ထိုင်းနယ်စပ်ဒေသ မြဝတီမြို့နယ် K K Park အတွင်း တရားမဝင် Starlink များတပ်ဆင်ထားခြင်း ရှိ/မရှိ စိစစ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

မြန်မာ–ထိုင်းနယ်စပ်ဒေသ မြဝတီမြို့နယ် K K Park အတွင်း တရားမဝင်တပ်ဆင်ထားသည့် Starlink များ ဖြုတ်သိမ်းမှုမှတ်တမ်း။



မြန်မာ–ထိုင်းနယ်စပ်ဒေသ မြဝတီမြို့နယ် K K Park အတွင်း အဆောက်အအုံလေးလုံးအမိုးပေါ်ရှိ တရားမဝင် Starlink အစုံ ၃၀ အား စစ်ဆေးဖြုတ်သိမ်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




မြန်မာ–ထိုင်းနယ်စပ်ဒေသ မြဝတီမြို့နယ် K K Park အတွင်း တရားမဝင်တပ်ဆင်ထားသည့် Starlink များ ဖြုတ်သိမ်းမှုမှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၂၅ မှ*

ဈေးဆိုင်ခန်း အလုံး ၃၀၊ တစ်ထပ်တိုက် ဂိုဒေါင် ၁၅ လုံး၊ နှစ်ထပ်တိုက် ဂိုဒေါင် အလုံး ၂၀၊ လေးထပ်တိုက်ဂိုဒေါင် ၁၀ လုံး၊ ဆောက်လုပ်ဆဲ နှစ်ထပ်တိုက် ၂၁ လုံး၊ သုံးထပ်တိုက် ၁၀ လုံး၊ လေးထပ်တိုက် ငါးလုံး၊ ငါးထပ်တိုက် ငါးလုံးနှင့် တစ်ထပ်တိုက် ဆေးပေးခန်း နှစ်ခန်းတို့ကို တွေ့ရှိခဲ့ပြီး အဆိုပါ အဆောက်အအုံများအတွင်းမှ အလုပ်သမား အမျိုးသား ၁၆၄၅ ဦး၊ အမျိုးသမီး ၄၅၅ ဦး၊ လုံခြုံရေး (ကျား) ၉၈ ဦး စုစုပေါင်း ၂၁၉၈ ဦးတို့အား တွေ့ရှိခဲ့သည်။

အဆိုပါ KK Park ဝင်းအတွင်းရှိ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု၊ မြေပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ တရားဝင်ခွင့်ပြုမိန့်၊ မြေပိုင်ဆိုင်ခွင့် အထောက်အထား၊ ဟိုတယ်နှင့် ခရီးသွားလာရေး၏ ဆောက်လုပ်ခွင့်၊ ခွင့်ပြုမိန့်များနှင့် ပတ်သက်၍ တရားဝင်စာရွက်စာတမ်းများ စစ်ဆေးတွေ့ရှိခြင်း မရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများကို ဆင့်ခေါ်ရာတွင်လည်း လာရောက်ခဲ့ခြင်း မရှိသည့်အတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ဆက်လက်တိုက်စစ်အရှိန်အဟုန်ဖြင့် စစ်ဆင်မှုပြုလုပ်ခဲ့ရာ ၂၀၂၄ ခုနှစ်က KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်ခဲ့သည့် ရှုခင်းသာစခန်းအား အောက်တိုဘာ ၁၇ ရက်တွင်လည်းကောင်း၊ ပို့ဌ်–၁၀၇၈ စွယ်တော်စခန်းကုန်းအား ယနေ့တွင်လည်းကောင်း အဆင့်ဆင့် သိမ်းပိုက်နိုင်ခဲ့ပြီး နယ်စပ်ဒေသတစ်လျှောက်ရှိ အဓိကအချက်အချာကျသည့် နေရာများအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် တစ်လျှောက် တပ်မတော်စစ်ကြောင်းများက ဆက်လက်ရှင်းလင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရွှေဘိုခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅

ဒေါ်မာညို(ခ)ဒေါ်အမာညို နှင့် ဒေါ်မျိုးမျိုးသန်း(ခ)မျိုးမျိုးသန့်
**(တရားလို)** **(တရားပြိုင် )**

ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ ကျိုကုန်းရပ်နေ(ဘ)ဦးမြင့်သိန်းထွန်း၏သမီး ဒေါ်မျိုးမျိုးသန်း(ခ)မျိုးမျိုးသန့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မာညို(ခ)ဒေါ်အမာညိုက "အိမ်ဝင်းမြေ အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု "လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်(၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သူအောင်)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၃)ရပ်ကွက်၊အကွက်အမှတ်(၆)၊ ကြက်တည်၊ ဦးပိုင်အမှတ်(၂၉-င)၊ ဧရိယာ(၀ဒသမ၀၅၄)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ၅လမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၂၉-ဃ)
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၂၉-ဃ)
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၂၉-စ)

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်နှင်းနှင်းဝေမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ ဦးပိုင်/မြေကွက်အမှတ် (ဒ-၃၁၀၁၆)၊ အလျား (၈၀)ပေ x အနံ (၈၀)ပေ ကျယ်ဝန်းသော ဒေါ်နွဲ့နွဲ့ရီ ဂရန်အမည်ပေါက် မြေကွက်အား ဝယ်ယူလက်ရှိထားပိုင်ဆိုင်သော ဒေါ်ချူချူခိုင် ၁၂/သကတ(နိုင်)၀၀၂၂၂၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်လဲ့လဲ့ခိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၄၁)(၁၄-၁၂-၂၀၁၇)
ဝဲကြီးကျေးရွာ၊ သာယာကုန်းအုပ်စု၊ ဇေယျာသီရိမြို့နယ်၊
ဖုန်း-၀၉-၄၂၄၉၂၇၁၇

## ဦးကြည်ဝင်း (၁၂/ဗဟန(နိုင်)၀၀၅၈၈၇) နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုန်ရိပ်မွန်အိမ်ရာနေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ကြူကြူကျော်(၁၂/အစန(နိုင်)၁၆၂၈၂၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးကြည်ဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ကြူကြူကျော်သည် ဦးကြည်ဝင်းနှင့် (၁၆.၅.၂၀၀၂) ရက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရာမှ သား(၁)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ကြူကြူကျော်သည် ဦးကြည်ဝင်းနှင့်အတူ ပေါင်းသင်းနေထိုင် စဉ်ကာလအတွင်း -

(က) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဗဟန်းမြို့နယ် အဆင့်မြင့်အိမ်ရာစီမံကိန်းအဆင့်(၄) ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁၁)၊ အခန်းအမှတ်(၃၅)၊(၆)လွှာ၊ ဧရိယာ(၈၀၀)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်၊
(ခ) ယာဉ်အမှတ်-3P-2400, Hyundai Starex,BGO-11 မော်တော်ယာဉ် (၁)စီးတို့ ဖြစ်ထွန်းခဲ့ပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါတိုက်ခန်းနှင့် မော်တော်ယာဉ်တို့အား ဒေါ်ခင်ကြူကြူကျော် သိရှိသဘောတူညီခြင်းမရှိဘဲ ဦးကြည်ဝင်းမှလည်းကောင်း၊ ဦးကြည်ဝင်း၏ ညွှန်ကြားချက်နှင့်အညီ အမည်ခံဆောင်ရွက်ပေးသည့်သူများမှလည်းကောင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းအသုံးပြုခြင်းတို့အား လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကြည်ဝင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ကြူကြူကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**

| | |
|---|---|
| ဒေါ်ဂျာရိန်အောင်ဘူ(LL.B) | ဒေါ်သီသီဟန်(LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၀) | အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၇) |

အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ Ph: 09-778434507,09-794077590

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆/ဈေးကွက်)၊ ဦးပိုင်အမှတ် ၂၅၂^င၊ ဧရိယာ(၀ဒသမ၀၇၄)ဧကကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဦးကျော်စိုးအောင်နှင့်ဇနီးဖြစ်သူ ဒေါ်နီလာဝင်းတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၃၀ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်ရှိ အရှေ့လားသော်-မြေကွက်အမှတ်(၆၆)၊ အနောက်လားသော်-မြေကွက်အမှတ်(၆၈)၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-ဒူးလမ်း၊ ၎င်းအလား(၄)ရပ်အတွင်းရှိ အကွက်အမှတ်(၃/ပန်းတိမ်တန်း)၊ ဦးပိုင်အမှတ်(၂၈-က)၊ မြေကွက်အမှတ်(၆၇)၊ ဧရိယာ(၀.၀၃၈)ဧကရှိ ဦးခင်မောင်လတ် ၉/မထလ(နိုင်)၀၆၈၇၃၂ ဂရန်အမည်ပေါက် ဝိုင်းမြေကွက်နှင့် မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်ရှိ အရှေ့လားသော်-လမ်း၊ အနောက်လားသော်- မြေကွက်အမှတ်(၆၇)၊ တောင်လားသော်-လမ်း၊ မြောက်လားသော်- ဒူးလမ်း၊ ၎င်းအလား(၄)ရပ်အတွင်းရှိ အကွက်အမှတ်(၃/ပန်းတိမ်တန်း)၊ ဦးပိုင်အမှတ်(၂၇/ခ)၊ မြေကွက်အမှတ်(၆၆)၊ ဧရိယာ(၀.၁၁၀)ဧကရှိ ဒေါ်ရာမတ် ဂရန်အမည်ပေါက် ဝိုင်းမြေကွက်များအား ယခုလက်ရှိလက်ရောက်ပိုင်ဆိုင်သူ ဦးခင်မောင်လတ် ၉/မထလ(နိုင်)၀၆၈၇၃၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာလှိုင် ၉/ပဘန(နိုင်)၀၃၁၅၁၃မှ (၇-၉-၂၀၂၅)ရက်တွင် ကာလတန်ဖိုးတစ်ရပ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ရာ အဆိုပါဝိုင်းမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ဆိုင်ရေး/ဆိုင်ခွင့်၊ ပိုင်ရေး/ပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နီလာလှိုင်** | **ဦးဇော်အောင်လွင် LL.B** |
| ၉/ပဘန(နိုင်)၀၃၁၅၁၃ | တရားလွှတ်တော်ရှေ့နေ |
| | စဉ်-၁၆၇၆၆(၂၁-၁၂-၂၀၂၀) |
| | မဟာစ - ၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊ |
| | မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့။ |
| | ဖုန်း-၀၉-၄၄၂၂၀၀၃၅၃ |

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ပ.လ.ရ/(အိမ်ခြေ(၅၀)၊ လူနေရပ်ကွက်အမှတ်၊ ပ.လ.ရ/အိမ်ခြေ(၅၀)၊ မြေကွက်အမှတ်(၄)၊ မြေကွက်လိပ်စာအမှတ်-၄၊ ၁-လမ်း၊ ပ.လ.ရ /အိမ်ခြေ(၅၀)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်း (၄၁ပေ ၃လက်မ X ၃၈ပေ +၉၆ပေ)ရှိ ဦးမောင်သိန်းနှင့် ဒေါ်ကျင်ဝမ် အမည်ဖြင့် မှတ်သားတည်ရှိသော ပြန်လည်နေရာချထားရေး (ပ.လ.ရ)ရပ်ကွက်အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သဲပိုပိုအေး ၁၂/ မရက(နိုင်)၁၅၇၄၁၈မှ အရပ်ကတိအရောင်းအဝယ်စာချုပ်များချုပ်ဆို၍ ကာလတန်ဖိုးများအတိုင်းပေးချေလျက် လက်ဝယ်ထားနေထိုင်ပိုင်ဆိုင်လျက်ရှိသော အိမ်၊ မြေကွက်များဖြစ်ကြောင်းနှင့် ယင်းမြေကွက်များနှင့်ပတ်သက်ပြီး တရားဝင်တစ်ဦးတည်းပိုင်ဆိုင်လာသူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သဲပိုပိုအေး၏ ခွင့်ပြုသဘောတူညီချက်ရရှိခြင်းမရှိဘဲ၊ အမည်ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့အား လုံးဝမပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သဲပိုပိုအေး မှာ အထက်ရည်ညွှန်းလိပ်စာပါအိမ်၊ မြေ ကွက်များ၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဲပိုပိုအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်နီလာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)

| | |
|---|---|
| ဒေါ်ဂျာရိန်အောင်ဘူ(LL.B) | ဒေါ်သီသီဟန်(LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၀) | အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၇) |

အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၈၄၃၄၅၀၇၊ ၀၉-၇၉၄၀၇၇၅၉၀

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်လိပ်စာအမှတ် (၁၃၃၄/ခ)၊ မာန်ပြေ(၂၁)လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ၊ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစားမြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော အစိတ်အပိုင်းဖြစ်သည့် ခေါင်းရင်းပိုင်း၊ အကျယ်အဝန်း (၁၀ပေx၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

အထက်ရည်ညွှန်းလိပ်စာပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ ဒေါ်ဝင်းဝင်းသန့် (၁၂/အလန(နိုင်)၀၀၁၅၈၅)မှ ဂရန်အမည်ပေါက်များ ဖြစ်ကြသော မတင်တင်ဌေး၊ မမြင့်မြင့်ကြည်၊ မစန်းစန်းမြင့်နှင့် ဦးစိန်မြင့်တို့အနက်၊ ဂရန်အမည်ပေါက် မမြင့်မြင့်ကြည် နှင့်မစန်းစန်းမြင့်တို့(၂)ဦးအမည်ပေါက် ပိုင်ဆိုင်သော မြေအစိတ်အပိုင်းအား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသောအိမ်မြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင်၎င်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန်ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အားကန့်ကွက်လိုပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်နီလာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)

| | |
|---|---|
| ဒေါ်ဂျာရိန်အောင်ဘူ(LL.B) | ဒေါ်သီသီဟန်(LL.B) |
| အထက်တန်းရှေ့နေ(စဉ်- ၅၅၅၆၀) | အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၇) |

အမှတ်(၂၃၉)၊ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ Ph:09-778 434 507,09-794 077 590

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၄၊ စံပါယ်လမ်း၊ မြေကွက်အမှတ်-၈၁၆၊ ပါမစ်မြေအမျိုးအစား၊ ဦးခင်သိန်း ၁၂/အစန(နိုင်) ၀၀၈၅၃၅ အမည်ပေါက် အကျယ်အဝန်း (၄၀'x၆၀') အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀'x၆၀')ရှိ(ခြေရင်းခြမ်း ထောင့်ကွက်)၊မြေကွက်အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သင်းသင်းမာ ၁၂/ဒဂတ(နိုင်) ၀၆၅၁၄၅ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B,D.B.L)** | **ဒေါ်မိုးမီမီခိုင်(LL.B,D.B.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၃၃၆၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၄၉၁)** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ လူနေရပ်ကွက်အမှတ်(၁၅၇)၊ ရှင်မတောင်လမ်း၊ မြေကွက်အမှတ်(၆၉)ဟုခေါ်တွင်သော မြေချပါမစ်မူရင်းတွင် ဦးသန်းဆွေ (၁၂/အစန(နိုင်)၀၂၄၂၅၂) အမည်ပေါက် အလျား(၄၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးမြတ်မြတ်ထွေး(၁၂/မဂဒ(နိုင်)၀၀၁၅၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်အိအိထွန်း (၁၂/ဒဂရ(နိုင်)၀၁၂၅၆၈)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃.၉.၂၀၁၂)** | **အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀(၃၀.၆.၂၀၂၀)** |

**အမှတ်(၈၉၉)၊မဟာဗန္ဓုလလမ်း၊(၃၁)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ဗိုလ်ကြာညွန့်လမ်း၊ မြေကွက်အမှတ် (၁၀၈၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်မို့မို့ဟန် (၁၂/ဥကတ (နိုင်) ၁၁၅၂၁၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်မို့မို့ဟန်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၇/စီ-၁)၊ မြေကွက်မှတ်(၂၁၄)၊ မြေအကျယ်အဝန်း(၃၂x၆၀)ပေ၊ ဧရိယာ(၀.၀၄၄)ဧက၊ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော ၂ထပ်အိမ် (၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဒေါ်ခင်မြင့်ဦး(၁၂/စခန(နိုင်)၀၀၆၉၅၀)နှင့် ဒေါ်ဆွေဆွေကျော်ဇင်(၁၂/စခန(နိုင်)၀၀၅၈၆၁) တို့ကၡင်းတို့တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ကျိန်လမ့်ဟွဲ(၄/တဇန(နိုင်)၀၁၅၃၈၈)နှင့် ဒေါ်ကျိန်ခေါလ်နွမ်း(၅/ကလထ(နိုင်)၂၈၂၀၀၄) တို့က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်မည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ဒွန်စန်းကိမ်(LL.B) တရားလွှတ်တော်ရှေ့နေ( စဉ် -၁၈၄၇၆)
အမှတ်(၆၀/၆၂) ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၀၂၅၈၂၃၀၂

**ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၃-အိုင်၊ မြေကွက်အမှတ်(V -၃၄)၊ အဆောက်အအုံ(၁၁၀)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်ဟုခေါ်တွင်သော ဒေါ်တင်ဝင်း ၁၂/အလန(နိုင်) ၀၂၇၉၁၆ အမည်ပေါက်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့်(၁)ခန်းတည်း၊ (၈) ထပ်ခွဲတိုက်၊ (Liftပါ)အဆောက်အအုံ၏ မြေညီထပ်၊ အကျယ်အဝန်း (၂၃ပေ x ၅၁ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း**

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ ဒေါ်ကြူကြူနိုင် ၁၂/အလန(နိုင်) ၀၂၇၉၁၁မှ P.A.E စနစ်ဖြင့်ဆောက်လုပ်ခဲ့ပြီး ဆက်ခံခွင့်အရ ပိုင်ဆိုင်လာသောတိုက်ခန်းဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ်၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီအောင် ၇/တငန(နိုင်)၀၂၄၄၃၃ မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**

| | |
|---|---|
| ဒေါ်ဂျာရိန်အောင်ဘူ(LL.B) | ဒေါ်သီသီဟန်(LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၀) | အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၇) |

အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၈၄၃၄၅၀၇၊ ၀၉-၇၉၄၀၇၇၅၉၀

## အင်္ဂလိပ်ဖောင်းကြွ ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/5199 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၉ယ/၆၅၂၀၊ Super Ambo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လှိုင်ထွန်း ၆/မအရ(နိုင်)၀၁၆၅၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရွှေဘို)**
**ရွှေဘိုမြို့**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 78w/39831, Honda Blade-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခင်ဝင်း ၁၄/ပသန(နိုင်)၂၀၂၇၅၅က ၏ ဖောင်းကြွနံပါတ်ပြားပျောက်လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကျေးဇူးတင်ရှိခြင်း

ဘုရား ၊ ရဟန်း ၊ သိမ် ၊ ကျောင်း ဒါယိကာမကြီး ဒေါ်ရွှေ(၉၂)နှစ် အား နာမကျန်းဖြစ်စဉ် ဆေးကုသပေးပါသော တပ်မတော်စစ်ဆေးရုံ (၂/၅၀၀)မှ တပ်မှူး၊ ဒုတပ်မှူး၊ ဆေးပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ၊ အရာရှိအရာခံ အကြပ်စစ်သည်များကိုလည်းကောင်း၊ လိုအပ်သော ဆေးကုသမှုများနှင့် အမြဲကူညီစောင့်ရှောက်ပေးကြပါသော ဆေးညွှန်ကြားရေးမှူး(၁/၁၀၀၀)၊ (၂/၁၀၀၀)မှ ပါရဂူများ၊ ဆေးမှူးများ ကိုလည်းကောင်း၊ နာရေးချပနနှင့် ရက်လည်ဆွမ်းကျွေး တရားနာ အလှူပွဲတွင် လိုအပ်သည်များ ကူညီပံ့ပိုးပေးပါသော စစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ကိုယ်တိုင်အားဖြင့် လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း ဝိုင်းဝန်းကူညီ အားပေး နှစ်သိမ့်ခဲ့ပါသော ဆွေမျိုးများ ၊ ရပ်ဝေး၊ ရပ်နီး မိတ်ဆွေသင်္ဂဟများ၊ လွမ်းသူ့ပန်းခြင်းများပေးပို့ကြသော ဌာနဆိုင်ရာများနှင့် ကျေးဇူးတင် ထိုက်သူ တစ်ဦးစီတိုင်းအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ရပ်ကျင်ကီ (ခ) ချင်ကြည် (ခ) ဦးသက်လွင်

(ဦးကျင်ကီးပွဲရုံ)

အသက် (၈၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ သီရိမင်္ဂလာ (၂) လမ်း၊ အမှတ် (၄၁) နေ ဒေါ်ချယ်ရီ (ခ) ဒေါ်တန်ရှက်လျှံ ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဇော်မင်းလွင် (ဦးကျင်ကီးပွဲရုံ) - ဒေါ်အေးအေးချို ဦးထွန်းထွန်းလွင် (တကောင်းဘွားဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) - ဒေါ်သွယ်သွယ်အေးမွန် တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မောင်ပြည့်ဖြိုးအောင်၊ မဖုန်းမျက်ခြယ်၊ မလင်းလက်ပြည့်စုံ၊ မောင်သော်ဇင်ထွန်း တို့၏ အဘိုးဖြစ်သူ ရပ်ကျင်ကီ (ခ) ချင်ကြည် (ခ) ဦးသက်လွင် သည် ၁၈-၁၀-၂၀၂၅ ရက်နေ့ (စနေနေ့) ည ၈း၅၂ နာရီတွင် ဂရန်း (ဒ်) ဟဲသာ အင်တာနေရှင်နယ်ဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၂၅ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးဘာဘူ(ကံကြီး၊မြောင်းမြ)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာ ၃လမ်း၊ Asia Villa၊ ခြံအမှတ် U-3နေ (ဦးဝေါင်လီဝင်း)-ဒေါ်ကျင်ဗုက်တို့၏သား၊ ဒေါ် မေကြည်၏ခင်ပွန်း၊ ဦးစန်ငြိမ်း-ဒေါ်မာမာရီတို့၏ ညီ၊ (ဦးခင်မောင်ဦး)-ဒေါ်ကြင်ကြင်၊ ဦးခင်မောင်မြတ်-ဒေါ်ဆွေဇာလွင်၊ ဦးခင်မောင်လတ်-ဒေါ်ချိုရီမေ၊ ဦးဝင်းဦး-ဒေါ်ဌေးဌေးမြင့်၊ ဦးတင်ထွန်းဦး-ဒေါ်ဌေးဌေးကြူ၊ ဦးထွန်းလင်းအောင်-ဒေါ်က်တာဒေါ် ဌေးဌေးရီတို့၏အစ်ကို၊ ဦးထက်မြတ်သူ-ဒေါ်မြတ်သူဇာထွန်း၊ ဦးစိုးမြတ်သူ(Executive Director Kaung Thu Kha Group Co.,Ltd)- ဒေါ်ဇင်မိုးမောင်မောင်တို့၏ဖခင်၊ မဆောင်းဝတ်ရည်စံ၊ မသွန်းမြတ်ချယ်ရီတို့၏ အဘိုးဖြစ်သူ ဦးဘာဘူသည် ၁၉-၁၀-၂၀၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၆း၂၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၁-၁၀-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်ခန်းမ(၁-က)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၂၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရား တော်နာယူမည်ဖြစ်ပါ၍ လှိုင်မြို့နယ်၊ မြကန်သာ ၃ လမ်း၊ ခြံအမှတ် U-3နေအိမ်သို့ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ ဆဒ္ဒန်ဒူးဝါးလမ်း၊ မြေကွက်အမှတ် (၅၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်အေးညွန့် (၁၂/အစန (နိုင်) ၁၁၆၀၆၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဇနီး ဒေါ်အေးညွန့် ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူ ဦးဆန်းတင့် (၁၂/အစန (နိုင်) ၁၁၆၁၀၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၁၆)လမ်း၊ အမှတ်(၁၅၅၂/အေ)ဟုခေါ်တွင်သည့် မျက်နှာဝ အလျား (၂၃)ပေ x အနံ (၆၀)ပေ အကျယ်အဝန်းရှိခြံမြေ ကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အိမ် (၁)လုံး (ရေ၊မီးအပြည့်အစုံ)တို့အား ကွယ်လွန်သူမိဘများဖြစ်သော ဦးမြင့်ကြည်-ဒေါ်လှတို့ထံမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မိမိတစ်ဦးတည်းကသာလျှင် အရှုပ်အရှင်းကင်းစွာ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြမြအေး ၁၄/ဒဒရ(နိုင်)၀၈၃၀၈၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝေယံမိုးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက် အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်သိန်းထွန်း(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၃၆/၂၀၁၆)

အမှတ်(၁၇၈၆)၊ သာယာကုန်း(၁)လမ်း၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့။ ဖုန်း-၀၉-၄၂၈၁၄၈၄၉၁

---

## ခရစ်တော်၌ အိပ်ပျော်ခြင်း

### ဒေါ်ကျင်မြ(ပဲခူးမြို့)

အသက်(၉၇)နှစ်

အမှတ်(၈၄)၊ မြို့ပတ်လမ်း၊ ဟသ်ာကုန်း(၁၈)ရပ်ကွက်၊ ပဲခူးမြို့နေ(ဦးပေါ်ဝါး- ဒေါ်ကျော့)တို့၏သမီး၊ (ဦးအောင်ခင်)၏ ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်စိုး-ဒေါ်ခင်မြမြအောင်၊ ဦးကိုကြီး အောင်၊ ဦးကိုလေးအောင်၊ ဦးဇော်ဝင်း-ဒေါ်ခင်မိမိအောင်၊ ဦးထူးမြင့် အောင်-ဒေါ်သီသီနွယ်တို့၏မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်ကျင်မြသည် ၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ ၁၉-၁၀-၂၀၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွား ပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ခန္ဓာကို ၂၁-၁၀-၂၀၂၅ ရက်နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံဥယျာဉ်၌ မြေသို့အပ်နှံ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## မောင်ကျော်ဇောလင်း

### အသက်(၃၄)နှစ်

ရန်ကုန်မြို့နေ (ဦးတင်ဦး-ဒေါ်လှယဉ်)နှင့် (ဦးတင်မောင်- ဒေါ်သန်းပု) မွန်းလိုက်ပရိဘောဂတို့၏မြေး၊ ဦးမင်းဦး-ဒေါ်နီနီအေး (ရွှေအိမ်စည်- သစ်ခွဲစက်)တို့၏ ချစ်လှစွာသောသားကြီး၊ မသြပြည့် ပြည့်ဖြိုး၊ မယဉ်လဲ့ဦးတို့၏ အစ်ကိုကြီး၊ မောင်ကျော်ဇောလင်းသည် ၁၉-၁၀-၂၀၂၅ရက် နံနက် ၁၀း၅၀နာရီ တွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၁-၁၀-၂၀၂၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၄၀)၊ ၇လွှာ-အေ၊ အကျယ်အဝန်း (၁၆x၆၀)ပေ ကျယ်ဝန်းသည့် တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အကျိုးခံစားခွင့်နှင့်စီမံခန့်ခွဲခွင့်အရပ်ရပ်အားလုံးတို့အား အဆက် အစပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ပိုင်ရှင်ဖြစ်သူ ဦးအောင်ဇော်ဟိန်း ၁၂/စခန(နိုင်)၀၆၄၄၈၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသအားပေးချေခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ဤသတင်းစာ ကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း လွှဲအပ်ချက်အရ အသိပေးကြေညာပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါလျှင်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်၍ ပြီးမြောက်အောင်မြင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဆွေစင်အိ(LL.B)(LL.M)** | **ဦးလင်းဘုန်းမြတ်(LL.B)(D.IP.L)(D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၉၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၈၁)** |

**အမှတ်(၃၉၈/၃၉၉)၊ စတုတ္ထထပ်၊ ကမ်းနား လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၉၅၆၆၆၆၃၆၀၊ ၀၉-၇၈၅၁၉၄၉၀၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/02597, Turbo Star -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၁၄/မမန(နိုင်) ၂၀၇၂၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/36477 ယာဉ်လက်ဝယ်ရှိသူ ဦးကျန်ဒါးရ်လား ၇/ကတခ(နိုင်)၁၈၀၈၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/40486 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းလတ် ၉/ညဥန(နိုင်)၁၃၂၉၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/70220 ယာဉ်လက်ဝယ်ရှိသူ ဦးအီနာရ်ဂျီးသ် ၇/ကတခ(ပြု)၀၀၀၉၆၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

---

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးစိန်အောင်၏သမီးဖြစ်သူ ကျွန်မ မသက်သက်ငြိမ်း ၅/မကန(နိုင်) ၀၉၀၇၆၂၏ မွေးသက္ကရာဇ်ကို ကျွန်မ၏တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် လက်မှတ်နှင့် အခြားသောပညာရေးစာရွက်များတွင် မွေးသက္ကရာဇ်အား ၁၁- ၁- ၂၀၀၀ ခုနှစ်ဟု မှားယွင်းစွာဖော်ပြထားပါသည်။ အမှန်မှာ ၂၈-၈-၁၉၉၉ ဖြစ် ပါကြောင်း။

**၂၈-၈-၁၉၉၉**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၇၁၁၈၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၁၀-၂၀၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးသန်းဇော်၏ ကန့်ကွက်ကြောင်း ကြော်ငြာတွင် ဦးရှိန်၏ဇနီး ဒေါ်သန်းလွင် အစား ဒေါ်သန်းကျင်ဟု အမှန်ပြင်ဆင် ဖတ်ရှုပါရန်။

---

## တစ်ဦးတည်းဖြစ်ကြောင်း

တောင်သာမြို့နယ်၊ ရုံးတော အုပ်စု၊ ဇီးပင်ကန်ကျေးရွာနေ မသင်းသင်းထွေး ၉/ တသန(နိုင်) ၂၇၄၉၆၀ ၏ဖခင်မှာ ဦးသောင်း နိုင်ထွန်း ၉/တသန(နိုင်)၁၄၂၄၀၁နှင့် ဦးသောင်းထွန်းနိုင်သည် တစ်ဦး တည်းဖြစ်ပါကြောင်း။

**ဦးသောင်းနိုင်ထွန်း(ခ)**
**ဦးသောင်းထွန်းနိုင်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/77351, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်ထွန်း ၉/အမရ(နိုင်) ၁၁၇၇၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/69816, New Anbo-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဝင်းအောင် ၅/ကဘလ (နိုင်)၁၁၁၄၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၀)၊ မြေကွက် အမှတ် (၁၃၀၄/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ဦးရွှေနိုင် အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်ကြီးအတွင်းမှ (ခြေရင်းဘက်ခြမ်း) (၁၀ပေx၆၀ပေ) ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးအောင်အောင်နိုင် ၁၂/တမန(နိုင်)၀၉၃၇၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ရီ ၁၂/တမန (နိုင်)၀၂၆၂၀၀ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ဦးသဘောတူညီထားသည့် အရောင်းအဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေပေးချေခြင်း၊ အိမ်ခြံမြေနှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ လက်ရောက်ရယူခြင်းတို့ဖြင့် အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးတင်ထွန်း (LL.B,LL.M) တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၇၀၉)**

**အမှတ် - ၂၃၄၁/ခ၊ ကနောင်မင်းကြီး(၄)လမ်း၊ (၇၁) ရပ်ကွက်**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၇၉၉၅၄၉၉၄၃**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၁၁၄၆၀ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့် ၉/အမရ(နိုင်)၁၁၁၃၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/29490 Wanqiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြနှင်းနွယ် ၅/အရတ(နိုင်) ၁၀၃၁၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ဗန္ဓုလ(၂)လမ်း၊ အိမ်အမှတ်(၈၄၆)နေ ကျွန်တော်ဦးမြင့်ဆွေ(၁၂/ဒဂတ(နိုင်)၁၇၀၂၄၁) နှင့် ဒေါ်နီနီအောင်(၁၂/တမန(နိုင်)၁၂၃၀၁၀)တို့သည်လွန်ခဲ့သော(၂၆)နှစ်ခန့်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ရာ သား(၃)ဦးထွန်းကားခဲ့ပါသည်။ ဇနီးဖြစ်သူဒေါ်နီနီအောင်အနေဖြင့် ပေါင်းသင်းစဉ်ကာလအတွင်း နေအိမ်မှမကြာ ခဏဆင်းသွားလေ့ရှိပြီး ခင်ပွန်းဖြစ်သူဆင်မြန်းပေးသည့် လက်ထပ်ပုတီးကဲ့သို့သော အထိမ်းအမှတ်ပစ္စည်းများအား အကြိမ်ကြိမ်အလွဲသုံးစားပြုလုပ် ရောင်းချသုံးစွဲခြင်း နှင့် ၎င်း၏ငွေကြေးအရှုပ်အရှင်းများအား ခင်ပွန်းဖြစ်သူကျွန်တော်မှ အကြိမ်ကြိမ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ရပါသည်။ မိသားစုမပြိုကွဲရန်အတွက် ကျွန်တော်မှထိုကဲ့သို့ အကြိမ်ကြိမ်ဖြေရှင်းပေးသော်လည်း ဇနီးဖြစ်သူ ဒေါ်နီနီအောင်မှာ ပြုပြင်ပြောင်းလဲ မှုမရှိ၊ သားသမီးများအား မငဲ့ကွက်ဘဲ(၁၂-၁၀-၂၀၂၅)ရက်တွင်ထပ်မံ၍ နေအိမ်မှ ဆင်းသွားသဖြင့် ၎င်းနှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး၊ ငွေကြေးကိစ္စရပ်များ သည် ကျွန်တော်နှင့်လုံးဝ (လုံးဝ)မသက်ဆိုင်ပါကြောင်းနှင့် ၎င်း၏ကိစ္စအဝဝသည် ၎င်းနှင့်သာဖြေရှင်းဆောင်ရွက်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်ဆွေ (၁၂/ဒဂတ(နိုင်)၁၇၀၂၄၁)**

**အမှတ်(၈၄၆)၊ ဗန္ဓုလ(၂)လမ်း၊ (၅၅)ရပ်ကွက် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**

❖ **သစ်တောသစ်ပင်များ စိုက်ပျိုးရာတွင်လည်း စိုက်သမျှအပင်များ တစ်ပင်စိုက်တစ်ပင်ရှင်ဆိုသည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## တပ်မတော်စစ်ကြောင်းများက KNU/KNLA နှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် လေးကေ့ကော်ဒေသရှိ ရှုခင်းသာနှင့် စွယ်တော်ကုန်းစခန်းတို့အား ပြန်လည်သိမ်းပိုက်ရရှိ၊ နယ်စပ်ဒေသတစ်လျှောက် တရားမဝင်လုပ်ငန်းများ မရှိစေရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

KNU/ KNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် NCA ကို ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကေ့ကော်ဒေသတစ်ဝိုက် အခြေပြု၍ အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်စီးစေရန်နှင့် ၎င်းတို့၏အိပ်မက်ဖြစ်သည့် သီးခြားလွတ်လပ်သော ကော်သူလေးပြည်နယ်နှင့် ကော်သူလေးအစိုးရ ထူထောင်ရန်အတွက် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာကြသူများကို လူသားချင်းစာနာထောက်ထားမှု အကြောင်းအရာခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများ၊ ဒေသတွင်း၌ Online Scam Center အပါအဝင် တရားမဝင် လုပ်ငန်းများမှရရှိသည့်ငွေကြေးများကို လက်ခံရယူပြီး အကြမ်းဖက်သင်တန်းများသင်ကြားပို့ချကာ လက်နက်များတပ်ဆင်ပေးပြီး ရှေ့ကာတပ်အဖြစ်အသုံးချ၍ ကရင်ပြည်နယ်အတွင်းရှိ တပ်မတော်မှစစ်ဆင်ရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်နေသည့် တပ်စခန်းများ အပါအဝင် သဃ်န်းညီနောင်နှင့် မြဝတီဒေသရှိ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များနှင့် တပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ *စာမျက်နှာ ၂၅ ကော်လံ ၁* ❑




တပ်မတော်စစ်ကြောင်းများက လေးကေ့ကော်မြို့သစ်အား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



## လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်၊ ဒေသခံတိုင်းရင်းသားပြည်သူများ အတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ *စာမျက်နှာ ၁၆ ကော်လံ ၁* ❖

## ယနေ့ သတင်းအညွှန်း

**ပါရီမြို့ လူဗာပြတိုက်မှ နပိုလီယန်နှင့် မိဖုရားတို့ စုဆောင်းထားသည့် ရတနာပစ္စည်းကိုးခု အခိုးခံရ** နိုင်ငံတကာသတင်း စာ ၁၄

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ စာ ၂၀

**PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးမြို့တွင်းသို့ Suicide Drone ဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်၊ အပြစ်မဲ့အရပ်သားပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ** ပြည်တွင်းသတင်း စာ ၂၆

## အာဆင်နယ်က ဖူလ်ဟမ်ကို အနိုင်ယူပြီး အမှတ်ပေးဇယား ဆက်လက်ဦးဆောင်

ပရီမီယာလိဂ် ပွဲစဉ် (၈) အဖြစ် အောက်တိုဘာ ၁၈ ရက် ည ၁၁ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ဖူလ်ဟမ်နှင့် အာဆင်နယ်အသင်း ပွဲစဉ်တွင် အာဆင်နယ်အသင်းက အကြိတ်အနယ်ကစားပြီး တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရရှိကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အာဆင်နယ် အသင်းသည် ဖူလ်ဟမ်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် နိုင်ပွဲရရေး ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❍



အာဆင်နယ်အသင်းအတွက် ထရိုဆတ် ဂိုးသွင်းယူစဉ်။